မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၆ ရက်၊ ၂၀၀၈ ခုနှစ်၊ ဇွန် ၂၄ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၇)၊ အမှတ်(၂၆၃)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ဖျာပုံမြို့နယ် ကဒုံကနိကျေးရွာ၌ မုန်တိုင်းကြောင့် အိုးအိမ်မဲ့ဖြစ်သွားသော လေဘေးသင့်ပြည်သူများအတွက် အခိုင်အမာလူနေအိမ်များဆောက်လုပ်မှု

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၃

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ယနေ့နံနက် ၈ နာရီခွဲတွင် ရဟတ်ယာဉ်များဖြင့် ရန်ကုန်မြို့မှ ဖျာပုံမြို့သို့ ရောက်ရှိသည်။

ထွန်ယက်နေမှုကြည့်ရှု

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် ဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဖျာပုံမြို့မှ ဖျာပုံမြို့နယ် အမာမြို့သို့ ရဟတ်ယာဉ်များဖြင့် ဆက်လက်သွားရောက်ကြပြီး လမ်းတစ်လျှောက်နယ်မြေများရှိ မြို့ရွာများအခြေအနေနှင့် မိုးစပါးစိုက်ပျိုးရေးအတွက် ထွန်ယက်ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

ဇွန် ၂၃ ရက်က အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ကျန်းမာရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် သုံးပွင့်ဆိုင် ဗဟိုအဖွဲ့က ကမကထပြုသည့် နာဂစ်မုန်တိုင်းဒဏ်သင့်ဒေသများသို့ ကွင်းဆင်းဆေးအကာအကွယ်ပေး ကုသခဲ့သည့် ဆေးကုသရေးအဖွဲ့များ၏ အကြံပြုချက်များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းအကျယ် စာ - ၉) (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း သတင်းမြင်ကွင်းအညွှန်း

မော်လမြိုင်ကျွန်းမြို့နယ် ပြန်လည်ထူထောင်ရေးအောင်မြင်မှုရနေ

မောင်မောင်မြင့်ဆွေ၏ သတင်းမြင်ကွင်း စာ - ၁၂

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဇွန် ၂၄ ရက်)

ပြည်သူများ ရောဂါဘယ ကင်းဝေးစေရေး ကျန်းမာရေးနှင့်အညီ နေထိုင်စားသောက်

ပြည်သူများ ကျန်းမာကြံ့ခိုင်ရေးတွင် သွားနှင့်ခံတွင်းကျန်းမာမှုသည် အရေးပါသော အခန်းကဏ္ဍတစ်ရပ် အနေဖြင့် ပါဝင်လျက်ရှိသည်။ သွားနှင့်ခံတွင်း ကျန်းမာသန်စွမ်းမှုရှိစေရန်အတွက် ငယ်ရွယ်စဉ်အချိန်ကပင် သွားနှင့်ခံတွင်းသန့်ရှင်းမှုကို ဂရုစိုက်ကာ အစားအသောက်ကအစ ကျန်းမာရေးနှင့် ညီညွတ်မျှတသည့် အစာအာဟာရများ စားသုံးသင့်ပေသည်။

သွားများ ခိုင်မာသန်စွမ်းမှုရှိစေရေးအတွက် နွားနို့၊ ကြက်ဥ၊ အရိုးပါ ဝါးစားနိုင်သည့် ငါးလေးဟင်းများ၊ ငါးကြီးဆီနှင့် အရည်ရွှမ်းသောအသီးအနှံများကို အာဟာရအဖြစ် စားသုံးကြရမည်ဖြစ်သည်။ အချိုလွန်သော အစားအစာများ လျှော့စားခြင်းသည်လည်း သွားနှင့် သွားရောဂါဖြစ်ပွားမှုတို့ကို ကြိုတင်ကာကွယ်တားဆီးပေးရာ ရောက်ပေသည်။

အစားအစာစားပြီးတိုင်း ပလုတ်ကျင်းခြင်းသည် သွားကိုသန့်ရှင်းစေသဖြင့် သွားပိုးစားခြင်း၊ သွားဖုံး ရေစီးကမ်းပြိုလိုက်ခြင်းနှင့် သွားဖုံး၌သွေးယိုခြင်းရောဂါများ ကင်းဝေးကာ ခံတွင်းသန့်ရှင်းမှု ကောင်းကျိုးများ ပိုမိုရရှိစေမည်ဖြစ်သည်။ ရေများများသောက်ခြင်းသည် သွားနှင့်ခံတွင်း၌ ကပ်ညိနေသည့် စားကြွင်းစားကျန်များ ရေနှင့်အတူပါသွားသဖြင့် သန့်ရှင်းစင်ကြယ်မှုကို အထောက်အကူဖြစ်စေသည်။

သွားသည် ခန္ဓာကိုယ်၏အရေးကြီးသော အင်္ဂါအစိတ်အပိုင်းဖြစ်သည့်အတွက် အစဉ်သန့်ရှင်းနေစေရန် အရေးကြီးပေသည်။ သွားနှင့်ခံတွင်း အမြဲသန့်ရှင်းနေစေရေး ဆောင်ရွက်ရာတွင် သွားပွတ်တံပေါ် သွားတိုက်ဆေးတင်၍ အထက်အောက် အပြန်အလှန်ပွတ်တိုက်သော နည်းစနစ်သည် အကောင်းဆုံးနည်းလမ်း တစ်ခုဖြစ်သည်။

တစ်ကိုယ်ရေသန့်ရှင်းရေးသည် ကျန်းမာရေးနှင့်ညီညွတ်သဖြင့် လူတိုင်းလူတိုင်း လိုက်နာကျင့်ကြံအပ်သော အလေ့အကျင့်ကောင်း တစ်ရပ်ပင်ဖြစ်သည်။

ထို့ပြင် သွားများရေရှည်ခိုင်ခံ့မှုရှိစေရန်အတွက် အလွယ်အကူ အရာဝတ္ထုများ သွားဖြင့်ကိုက်ဖြတ်သည့် အပြုအမူများကို မပြုလုပ်မိစေရန် အထူးဂရုပြု ရှောင်ရှားသင့်ပေသည်။

သို့ဖြစ်ရာ သွားနှင့်ခံတွင်း ကျန်းမာကြံ့ခိုင်မှုရှိစေရေးအတွက် လူတိုင်းလူတိုင်း ကျန်းမာရေးနှင့်အညီ စနစ်တကျ နေထိုင်လိုက်နာ စားသောက်ခြင်းဖြင့် ပြည်သူများ ရောဂါဘယကင်းဝေးပြီး ကျန်းမာခြင်းသုခကို ရယူပိုင်ဆိုင်နိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မရမ်းကုန်းမြို့နယ် သမိုင်းဝင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်း တည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် ဇွန် ၂၃

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် စမ်းချောင်းမြို့နယ် ကျိုက်လတ်လမ်း တိုက်၃၃ သုံးလွှာ(B)နေ ဦးချစ်သောင်း-ဒေါ်သန်းလှ၊သား မောင်ဝင်းဟန်၊ သမီး မစန္ဒာမိုး၊ မြေး မေမိုအေးချမ်း၊ ဘုန်းမာန်ဆက်မိသားစုက အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးအေးကိုနှင့် ဦးမောင်လှိုင်တို့က လက်ခံယူကြသည်။(အောက်ပုံ) (က-ပ)

လေဘေးသင့် ဘုန်းတော်ကြီးကျောင်းနှင့် ပြည်သူများအတွက် ငွေလှူဒါန်း ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက် လက်ခံ

ရန်ကုန် ဇွန် ၂၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သည် ယမန်နေ့ နံနက် ၉နာရီက သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ(ရန်ကုန်ရုံးခွဲ)၌ လေဘေးသင့်ဘုန်းတော်ကြီးကျောင်းများနှင့် ပြည်သူများအတွက် အလှူရှင် သီရိသုဓမ္မမဏိဇောတဓရ ဦးကိုကိုအေး-ဒေါ်သီသီနိုင်မိသားစုက ငွေကျပ် ၂၅သိန်းနှင့် အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးစိုးဟန်လင်း-ဒေါ်နန္ဒာအောင်မိသားစုက ငွေကျပ်၁၀သိန်း ပေးအပ်လှူဒါန်းမှုကို လက်ခံသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် မွန်းလွဲ ၁နာရီတွင် မရမ်းကုန်းမြို့နယ် ဖွဲ့စုံရပ်ကွက်ရှိ ဆောက်လုပ်ဆဲ တောင်တန်းသာသနာပြု သင်တန်းကျောင်း တည်ဆောက်ပြီးစီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ဝန်ကြီးရုံး ဧည့်ခန်းမ(ရန်ကုန်ရုံးခွဲ)၌ စင်ကာပူသမ္မတနိုင်ငံ သီရိလင်္ကာဘုန်းတော်ကြီးအား တွေ့ဆုံပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကာ စေတီတော် သာသနိက အဆောက်အအုံများ ပြုပြင်တည်ဆောက်ရန် အိန္ဒိယသမ္မတနိုင်ငံမှ အမေရိကန်ဒေါ်လာနှစ်သိန်း ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဆက်လက်ရောက်ရှိ

ရန်ကုန် ဇွန် ၂၃

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့်ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ အမေရိကန် ပြည်ထောင်စုမှ လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်း ၃၁ဒသမ၉၆တန်နှင့် ပြင်သစ်နိုင်ငံ အခြေစိုက် နယ်စည်းမခြားဆရာဝန်များအဖွဲ့မှ လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်း၄၀ဒသမ၇၉တန်တို့သည် ယမန်နေ့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာကြသည်။ (သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာ ကျောင်းတော် ကြီး ဖြစ် မြောက်ရေးကော်မတီရုံးခန်း(ဗဟန်း ၃လမ်း မှတ်တိုင် အနီး)တွင် အမှတ်(၀၀၂) ပတ္တမြားတိုက် မြန္မာညီ အိမ်ရာသာကေတနေ ဒေါ်စိန်ရီ အသက်(၉၃)နှစ် ပြည့်မွေးနေ့အလှူအဖြစ် ငွေကျပ် ၁၃၀၀၀၀ကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မုန်တိုင်းသင့် ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်း အသီးသီးမှ ငွေနှင့်ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်လှူဒါန်း

နေပြည်တော် ဇွန် ၂၃

မုန်တိုင်းသင့်ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်း အသီးသီးမှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများနှင့် တပ်မတော်သား မိသားစုများက အမျိုးသားရေးစိတ်ဓာတ် အရင်းခံဖြင့် ငွေနှင့်ထောက်ပံ့ရေးပစ္စည်းများကို ဆက်လက်ပေးပို့လှူဒါန်းလျက်ရှိရာ ကရင်ပြည်နယ်မှ စေတနာရှင်ပြည်သူများက ငွေကျပ်တစ်သိန်း၊ မွန်ပြည်နယ်မှ စေတနာရှင်ပြည်သူများနှင့် တပ်မတော်သား မိသားစုများက ငွေ ၂၃၇၉၅၅ကျပ်ကို ပေးအပ်လှူဒါန်းကြသည်။

လှူဒါန်း

ဘဏ္ဍာငွေ လက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီသို့ လာရောက်လှူဒါန်းငွေကျပ် ၂၆၄၅၀၀၀ အပါအဝင် စေတနာရှင် ပြည်သူများ၏ ယမန်နေ့က လှူဒါန်းသည့် အလှူငွေစုစုပေါင်းတန်ဖိုးမှာ ငွေ၂၉၈၂၉၅၅ကျပ် ရှိပြီဖြစ်ရာ ဇွန် ၂၂ ရက်အထိ လှူဒါန်းသည့်ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေ ၁၃၀၁၈၈၆၁၂၄၉ကျပ် ရှိပြီဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၄-၆-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၁၅	၄။	အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅	၅။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၂၅	၇။	မြန်မာသံစဉ်ချိုနားဝင်
၅း၃၅	၈။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၅၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	ဝတ်စားဆင်ယင်လှစေချင်
၆း၄၅	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့သူရဲကောင်း** (အပိုင်း - ၇၈)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	မွေးမြူသုတ
	၂၀။	ဗွီစီဒီကျော်ကြားတေးများ
	၂၁။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အဖြူရောင်မြွေမင်းသမီးလေး** (အပိုင်း-၂၃)

● ရှေ့ဖုံးမှ

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမာမြို့သို့ နံနက် ၉နာရီခွဲတွင် ရောက်ရှိကြပြီး ရှေးဦးစွာ ကြိုဆိုနှုတ်ဆက်ကြသည့် ဌာနဆိုင်ရာများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ဒေသ၏အုပ်ချုပ်ရေး၊ စိုက်ပျိုးရေး၊ ပညာရေး၊ ဆက်သွယ်ရေး၊ ဒေသ ဖွံ့ဖြိုး တိုးတက်ရေး ဆောင်ရွက်နိုင်မှုများကို မေးမြန်းကာ လိုအပ်သည်များကို မှာကြားသည်။

တက်တက်ကြွကြွ

ဆက်လက်၍ ဝန်ကြီးချုပ်သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တွေ့ဆုံပြီး အသင်းဝင်အင်အားအခြေအနေများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်နိုင်မှုများကိုမေးမြန်းကာ လူမှုရေးအသင်းအဖွဲ့များ၏ မွန်မြတ်သော ရည်ရွယ်ချက်များနှင့်အညီ ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ဦးဆောင် ပါဝင်၍ တက်တက်ကြွကြွဖြင့် ရှေ့တန်းမှ ပါဝင်ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်သည် ဝေပုလ္လကာရီ တောရကျောင်းမှ ဆရာတော် သံဃာတော်များအား ဖူးမြော်ကြည်ညို၍ လေမုန်တိုင်းကြောင့် ဘုန်းကြီးကျောင်း ပျက်စီးမှု အခြေအနေကို မေးမြန်းလျှောက်ထားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒေသခံပြည်သူများအား ရင်းရင်း နှီးနှီးနှုတ်ဆက်ပြီး ဒေသ၏အခြေအနေများ၊ အသက်မွေးဝမ်းကျောင်းအလိုက် လုပ်ငန်း ဆောင်ရွက်နိုင်မှုအခြေအနေများကို မေးမြန်းသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆောက်လုပ်ပြီးစီးနေပြီဖြစ်သည့် ၁၆-ခုတင်ဆံ့ဆေးရုံကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံအဆောက်အအုံသစ်တွင် ယာယီဆေးခန်းဖွင့်လှစ်၍ လူနာများအား လက်ခံကုသပေးနေမှုများကို လိုက်လံကြည့်ရှု စစ်ဆေးအားပေးကြသည်။

ဆေးရုံသုံးပစ္စည်းများ

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သီတဂူသာသနာပြုအဖွဲ့က အမာ ဆေးရုံအတွက် လှူဒါန်းထားသည့် ဆေးရုံသုံး၊ ဆရာဝန်သုံး၊ လူနာသုံးပစ္စည်းများကို ကြည့်ရှုကြသည်။

ထို့နောက် ဝန်ကြီးချုပ်သည် အမာဆေးရုံ အမြန်ဆုံးဖွင့်လှစ်နိုင်ရေးနှင့် လှူဒါန်းထား သည့် ဆေးရုံသုံးပစ္စည်းများ ကိုင်တွယ်အသုံးပြုနိုင်ရေးတို့အတွက် စီမံဆောင်ရွက်ရန် တာဝန်ရှိသူများအားမှာကြားပြီး တိုက်နယ်ဆေးရုံတာဝန်ခံ ဆရာဝန် ဒေါက်တာဉာဏ်မင်း နှင့် သူနာပြုများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များအား အားပေးနှုတ်ဆက်သည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဖျာပုံမြို့နယ် ကဒုံကနိကျေးရွာသို့ ရောက်ရှိကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကဒုံကနိကျေးရွာ၌ လေမုန်တိုင်းကြောင့် အိုးအိမ်မဲ့ဖြစ်သွားသော လေဘေးသင့်ပြည်သူများအတွက် CB Bank ဥက္ကဋ္ဌ ဦးခင်မောင်အေးမှ လှူဒါန်းသည့် လူနေအိမ်များကို ဒဂုန်ဆောက်လုပ်ရေးအဖွဲ့က တာဝန်ယူ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ကြိုးစားလုပ်ရန်

ထို့နောက် ဝန်ကြီးချုပ်သည် လေဘေးသင့်ပြည်သူများအား တွေ့ဆုံပြီး နိုင်ငံတော်၏ မတည်ထောက်ပံ့ပေးမှုများကိုအခြေခံ၍ မိမိတို့၏ လူနေမှုဘဝအဆင့်အတန်းများ မြင့်မား တိုးတက်လာအောင် အလုပ်ကို ကြိုးကြိုးစားစားလုပ်ကြရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျေးရွာမှ လူမှုရေးအသင်း အဖွဲ့ဝင် များအား အားပေးနှုတ်ဆက် မှာကြားကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် လပွတ္တာ မြို့နယ် ပိုးလောင်းကျေးရွာသို့ရောက်ရှိကြပြီး ရှေးဦးစွာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား နှုတ်ဆက်အားပေးကြသည်။

ကြည့်ရှုမေးမြန်း

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျေးရွာပြည်သူများအား နှုတ်ဆက် ပြီး လေမုန်တိုင်းတိုက်ခတ်ခံခဲ့ရမှု၊ ကျေးရွာပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုများကို ကြည့်ရှုမေးမြန်းကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အသက်မွေးဝမ်းကျောင်းများအလိုက် လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ကျေးရွာအတွင်း ဈေးရောင်း ဈေးဝယ်များဖြင့် ပြန်လည် စည်ကားနေမှုများကို လှည့်လည်ကြည့်ရှုကြသည်။

စားစရာများဝေငှ

ယင်းနောက် ဝန်ကြီးချုပ်သည် ကျေးရွာ၏မူလတန်းကြိုကျောင်းကို ကြည့်ရှုစစ်ဆေး ကြပြီး ကလေးငယ်များအား စားစရာများ ဝေငှပေးသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျေးရွာ၏ ယာယီဆေးခန်းကို ကြည့်ရှုစစ်ဆေးပြီး ဆေးခန်းတွင် တက်ရောက်ကုသမှုခံနေသော လူနာများကို အားပေး ကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီး အဆင့်မြင့်ပညာ ဆက်လက်သင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေးမှာကြားပြီး ပညာသင်ထောက်ပံ့ငွေများကို ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌအား ကျေးရွာအတွက် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

အဝတ်အထည်များပေးအပ်

ထို့နောက် တိုင်းမှူးက ကျေးရွာအတွက် အဝတ်အထည်များကို ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်တစ်ဦးအား ပေးအပ်သည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် လပွတ္တာ မြို့နယ် (၃)မိုင် ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြပြီး မြို့နယ်မှ ဌာနဆိုင်ရာများနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား နှုတ်ဆက်ကြသည်။

ထို့နောက် (၅)မိုင်စခန်းရှိ ကမ္ဘောဇအုပ်စုကုမ္ပဏီလီမိတက်၏ လေဘေးသင့် ပြည်သူများအတွက် အိမ်ရာ(၁၀၀၀)စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိကြရာ လပွတ္တာ မြို့နယ် တည်ဆောက်ရေးလုပ်ငန်းများကို အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က လေဘေးသင့်ပြည်သူများအတွက် လပွတ္တာမြို့နယ် (၅)မိုင်စခန်း၊ (၇)မိုင်စခန်းပတ်ဝန်းကျင်များ၌ မြေနေရာချထားပေးရန် လျာထားသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မြန်မာ့သစ်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းက လေဘေးသင့်ပြည်သူများအတွက် လူနေအိမ်များဆောက်လုပ်ရာတွင် သစ်ရရှိရေးစီစဉ်ထား မှုများကို ရှင်းလင်းတင်ပြပြီး ကမ္ဘောဇအုပ်စုကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းက လေမုန်တိုင်းကြောင့် အိုးအိမ်မဲ့ဖြစ်သွားသော လေဘေးသင့်ပြည်သူများအတွက် လူနေအိမ်များ ဆောက်လုပ်ပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်အား ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့်တာဝန်ရှိသူ များက အခိုင်အမာ လူနေအိမ်များ ဆောက်လုပ်ပေးသွားမည့်နေရာများကို မြေပုံဖြင့် ရှင်းလင်းပြသကြသည်။

လိုအပ်သည်များမှာကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြား သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လပွတ္တာမြို့နယ် (၇)မိုင်စခန်းနေရာ သို့ သွားရောက်ကြပြီး အိုးအိမ်မဲ့လေဘေးသင့်ပြည်သူများအတွက် မက်စ်(မြန်မာ)ကုမ္ပဏီ အုပ်စုနှင့် ဝါဝါဝင်းကုမ္ပဏီတို့မှ လူနေအိမ်များဆောက်လုပ်ရန် ပြင်ဆင်ဆောင်ရွက်လျက် ရှိသည့်အခြေအနေကို ကြည့်ရှုကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာ ခဲ့ရာ ပုသိမ်မြို့သို့ မွန်းလွဲ ၂ နာရီခွဲတွင် ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ အကြိုခင်းကျင်းထားရှိမှု ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ဇွန် ၂၄ရက်မှ ဇူလိုင် ၄ရက်အထိ ခင်းကျင်းပြသရောင်းချမည့် ၂၀၀၈ ခုနှစ် ဇွန်၊ ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲ အကြိုခင်းကျင်းထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

လှည့်လည်ကြည့်ရှု

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် မြန်မာကွန်ဗင်းရှင်းစင်တာ ပထမထပ်၌ ခင်းကျင်းပြသထားသည့် အရည်အသွေးမီ ကျောက်စိမ်းအတွဲများကို လည်းကောင်း၊ ကျောက်မျက်ရတနာများကိုလည်းကောင်း၊ အရည်အသွေးမီ ပုလဲအတွဲများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြား သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် မြန်မာကွန်ဗင်းရှင်းစင်တာမျက်နှာစာ၌ ခင်းကျင်းပြသထားသော အရည်အသွေးကောင်း ကျောက်စိမ်းအတွဲ များနှင့် ကျောက်စိမ်းအရိုင်းအတွဲများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြား စီမံဆောင်ရွက်ပေးကာ ညနေ ၄နာရီ ၁၅မိနစ်တွင် မြန်မာကွန်ဗင်းရှင်းစင်တာမှ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

ပုလဲအတွဲများ ကြည့်ရှုစစ်ဆေး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ခင်းကျင်းပြသထားသည့် ပုလဲအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၄-၆-၂၀၀၈ ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အကပြိုင်ပွဲ
၈း၀၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၂၀	၆။	အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
၈း၃၀	၇။	International News

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	နှောင်းခေတ်တေးပဒေသာ
၄း၁၅	၃။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄း၂၀	၄။	ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
၄း၃၅	၅။	အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
၄း၄၅	၆။	ဆိုကြမယ် ပျော်ကြမယ်
၅း၁၅	၇။	မြန်မာအမျိုးသမီးများနေ့ အထိမ်း အမှတ် ကျပန်းစကားပြောပြိုင်ပွဲ
၆း၀၀	၈။	ညနေခင်းသတင်း
၆း၃၀	၉။	မိုးလေဝသအခြေအနေ
၆း၃၅	၁၀။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၅၅	၁၁။	သုတစုံလင်ရွှေဉာဏ်ရှင်
၇း၂၀	၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **မာယာများနှင့်လှည့်ကွက်** (အပိုင်း-၆)
၈း၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်စိတ်ကူးလေး ကောင်းရဲ့သားနဲ့** (အပိုင်း-၆)
	၁၇။	အစီအစဉ်ပြီး၏။

တန့်ကြည့်တောင်ဆရာတော် ပြည်ပသာသနာပြုခရီး ကြွတော်မူ

ရန်ကုန် ဇွန် ၂၃

တန့်ကြည့်တောင် ရန်အောင်ချမ်းသာ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသောမဗုဒ္ဓိ အရှင်သူမြတ်သည် စင်ကာပူနိုင်ငံရှိ ဒါယကာ၊ ဒါယိကာမများ၏ ပင့်လျှောက်ချက်အရ ယနေ့နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ သာသနာပြုခရီး ကြွရောက်တော်မူသည်။

ဆရာတော်သည် စင်ကာပူနိုင်ငံတွင် ခုနစ်ရက်အဓိဋ္ဌာန်ပွဲကျင်းပ၍ သတိပဋ္ဌာန် ဝိပဿနာတရားတော်များကို ဟောကြား ပြသမည်ဖြစ်ပြီး ဇူလိုင် ၄ရက်တွင် မြန်မာ နိုင်ငံသို့ ပြန်လည်ကြွရောက်တော်မူမည် ဖြစ်သည်။ ဆရာတော်နှင့်အတူ တန့်ကြည့် တောင်ဝိပဿနာရိပ်သာ(ရန်ကုန်)မှ ကပ္ပိယ ကာရကအဖွဲ့ဝင်များ သာသနာပြုခရီးသို့ လိုက်ပါသွားကြသည်။ **(က-ပ)**

ထွန်းဖောင်ဒေးရှင်းဘဏ်၏ ပညာပေးအစီအစဉ်အဖြစ် ဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂၃

ထွန်းဖောင်ဒေးရှင်းဘဏ်၏ ပညာပေးအစီအစဉ်အဖြစ် Subprime Mortgage Crisis-An International Experience in Credit Risk Management ဘာသာရပ်ကို ဇွန် ၂၉ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ်(၂) စည်ပင်လမ်းရှိ မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံ၌ ပထမပုဂ္ဂလိကဘဏ်ဥက္ကဋ္ဌ ဒေါက်တာစိန်မောင်က ဟောပြောမည်ဖြစ်ရာ မည်သူမဆို တက်ရောက်လေ့လာဆွေးနွေး နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၆-၂၀၀၈ ရက် (အင်္ဂါနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	**"လောကသုံးပါးကို ရှုခြင်း"** တရားတော် [ဆရာတော်အရှင်ဇဝန (မေတ္တာရှင်)]
၈း၀၀-၂း၀၀	ဟူးကောင်းချို့ဝှမ်းမှ ဆင်သုတေသနလုပ်ငန်း
၈း၂၀-၂း၂၀	တေးဂီတအစီအစဉ်
၈း၂၅-၂း၂၅	Sunday Talk
၉း၁၀-၃း၁၀	ရွှင်မြူးသီကြွေး ကဗျာတေး (ကျောင်းသွားဖော်)
၉း၁၅-၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅-၃း၂၅	တေးဂီတအစီအစဉ်
၉း၃၀-၃း၃၀	ကျန်းမာရေးအတွက် သန့်လေးသန့် (အပိုင်း-၂)
၉း၅၅-၃း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀-၄း၀၀	စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ (ချိုချိုဆိမ့်ဆိမ့် ကိတ်လိပ် ပြုလုပ်နည်း)
၁၀း၁၀-၄း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅-၄း၁၅	မိုးလေဝသခန့်မှန်းချက်
၁၀း၂၀-၄း၂၀	မြန်မာစာ၊ မြန်မာစကား(၁)
၁၀း၃၀-၄း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅-၄း၃၅	**ကျေးဇူးတင်ပါတယ် ဒီအိုတီအက်စ်** လွင်မိုး၊ ထွန်းထွန်းဝင်း၊ အိန္ဒြာကျော်ဇင်၊ ခင်သန်းနွယ် (ဒါရိုက်တာ-စိုးကျော်ဆန်း)
၁၀း၅၅-၄း၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၅-၅း၀၅	MRTV-4 စာအုပ်စင်ကဏ္ဍ (ဆရာဦးကံမြင့်နှင့် တွေ့ဆုံခြင်း)
၁၁း၂၅-၅း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀-၅း၃၀	နေထိုင်မှုဝင့်ကြွား အဆင့်မြင့် အိမ်ရာ စီမံကိန်းများ (Sakura Residence)
၁၁း၅၅-၅း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၀၀-၆း၀၀	တေးဂီတအစီအစဉ်
၁၂း၀၅-၆း၀၅	နလုံးကျန်းမာသက်ရှည်ရန် သိဖွယ်နည်းလမ်းများ (တတိယပိုင်း) (ပါမောက္ခ ဒေါက်တာ မြသိန်းဟန်)
၁၂း၂၅-၆း၂၅	Music Gallery (မေခလာ၏ အနုပညာ သက်တမ်း ၂၅ နှစ်ပြည့် Live Show)
၁၂း၄၅-၆း၄၅	ဆီထွက်သီးနှံများထဲမှ 'ဆီအုန်း'
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူ ကြည့်ရှုနိုင်ပါသည်။

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ခရီးသွားပွဲတော် အထိမ်းအမှတ်အဖြစ် လာဘ်ကောင်လေးများ လွှတ်တင်နေသည်ကို ဤသို့ တွေ့ရသည်။
(အင်တာနက်ဓာတ်ပုံ)

ဒီမိုကရက်တစ်သမ္မတလောင်းအိုဘားမား ရေနံကုမ္ပဏီများအပေါ် အခွန်စည်းကြပ်ရေးကြေညာ

ဝါရှင်တန် ဇွန် ၂၃

အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်သမ္မတလောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်မည့် အိုဘားမားက သူသာ သမ္မတအဖြစ် ရွေးချယ်ခံရလျှင် စွမ်းအင်ကုမ္ပဏီများအပေါ် အစိုးရ၏ ကြီးကြပ်ရေး တာဝန်ခိုင်မာစေမည့် နည်းလမ်းတစ်ရပ်အဖြစ် ရေနံကုမ္ပဏီတို့ကို ထပ်မံအခွန်အတုတ်ကောက်ခံရေး သူ့အစီအစဉ်တစ်ရပ်ကို ဇွန် ၂၂ရက်က ထုတ်ဖော်ကြေညာလိုက်သည်။

သူ၏ အစီအစဉ်မှာ အနာဂတ်အတွက် ပိုမိုကောင်းမွန်သည့် ရင်းနှီးမြှုပ်နှံမှုဖြစ်သည့်အပြင် တစ်ချိန်တည်းမှာပင် ရေနံဈေးတက်သဖြင့် ရုန်းကန်နေကြရသော မိသားစုများအပေါ် ပိနေသော ဝန်ထုပ်ဝန်ပိုးကို ကျွတ်လွတ်စေမည့်အပြင် အင်ရွှန်ရေနံကုမ္ပဏီ ကြုံခဲ့ရသည့် ဟာပေါက်မျိုး အပြည့်အဝ ပိတ်စေရန် လူပြိန်းသိသော စည်းမျဉ်းကို ပြန်လည်ဖော်ထုတ်ပေးနိုင်မည်ဖြစ်ကြောင်း အိုဘားမားက ရှင်းပြသည်။

ဟူစတန် အခြေစိုက် အင်ရွှန်ကုမ္ပဏီမှာ ကုမ္ပဏီ၏ဝင်ငွေများကို ပုံကြီးချဲ့ထားကြောင်း ဖော်ထုတ် တွေ့ရှိပြီးနောက် ၂၀၀၁ ခုနှစ်တွင် ကုမ္ပဏီဖျက်သိမ်းပေးခဲ့ရသည်။

ဝေဖန်ပြစ်တင်

အင်ရွှန်ကုမ္ပဏီအတွက် ဆွယ်ပေးသူများ၏ မေတ္တာရပ်ခံချက်အရ ၂၀၀၀ပြည့်နှစ် ဥပဒေကြမ်းတွင် ပြဋ္ဌာန်းချက်တစ်ရပ် ထည့်သွင်းရန် တက္ကဆက်ပြည်နယ် ရီပတ်ဘလီကင်ပါတီ အထက်လွှတ်တော် အမတ် ဖီလ်ဂရမ်၏ဆောင်ရွက်မှုကို အိုဘားမားက ဝေဖန်ပြစ်တင်လိုက်သည်။ ဖီလ်ဂရမ်မှာ အိုဘားမား၏ ပြိုင်ဘက် ဂျွန်မက်ကိန်း၏ စီးပွားရေးအကြံပေး အရာရှိအဖြစ် ဆောင်ရွက်နေသူ ဖြစ်သည်။ **(အင်တာနက်)**

ထိုင်းတောင်ပိုင်း၌ မီးရထားတစ်စင်း ပစ်ခတ်ခံရ

ဗန်ကောက် ဇွန် ၂၃

ထိုင်းနိုင်ငံတောင်ပိုင်း ယာလာပြည်နယ်မှ နာရာသီဝပ်ပြည်နယ်သို့ သွားသည့် မီးရထားတစ်စင်းကို ဇွန် ၂၁ရက် ညနေပိုင်းက သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် မီးရထားဝန်ထမ်းလေးဦး သေဆုံးကြောင်း ပြည်နယ်အသံလွှင့်ဌာနမှ သတင်းထုတ်ပြန်သည်။

ဖော်ပြ

အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် သေဆုံးသူများတွင် မီးရထားလုံခြုံရေးရဲ၊ စက်ပြင်ဆရာ၊ မီးရထားရုံးဝန်ထမ်းနှင့် သန့်ရှင်းရေးဝန်ထမ်းတို့ ပါဝင်ကြောင်း အဆိုပါ သတင်း၌ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နျူကလီးယားအစီအစဉ် ရပ်ဆိုင်းမည်မဟုတ်ကြောင်း အီရန်သမ္မတ အာမက်ဒီနီဂျက်က ပြောကြား

တီဟီရန် ဇွန် ၂၃

အီရန်နိုင်ငံအနေဖြင့် နျူကလီးယား အစီအစဉ်များကို တုံ့ဆိုင်းခြင်းမရှိဘဲ ဆက်လက်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း အီရန်သမ္မတ အာမက်ဒီနီဂျက်က ဇွန် ၂၃ရက်၌ ပြောကြားလိုက်သည်။

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့် ပတ်သက်ပြီး တွေ့ဆုံဆွေးနွေးမှုများ ဆက်လက်ပြုလုပ်ရန် အင်အားကြီးနိုင်ငံအချို့က ဖိအားပေးလျက်ရှိသည်။ ထို့အပြင် ယူရေနီယံသန့်စင်မှုကိုလည်း အကန့်အသတ်ဖြင့် ပြုလုပ်ရန် တောင်းဆိုထားသည်။

အီရန်သမ္မတအာမက်ဒီနီဂျက်

တွေ့ဆုံဆွေးနွေး

အီရန်နိုင်ငံသည် အမေရိကန်၊ ရုရှား၊ တရုတ်၊ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီနိုင်ငံတို့နှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရန်အသင့်ရှိကြောင်း၊ သို့ရာတွင် မိမိတို့၏ နျူကလီးယားအစီအစဉ်ကို ရပ်ဆိုင်းမည်မဟုတ်ကြောင်း အာမက်ဒီနီဂျက်က ဆက်လက်ပြောကြားသည်။

မိမိတို့သည် နိုင်ငံ၏ လျှပ်စစ်ဓာတ်အား အခက်အခဲကို ဖြေရှင်းနိုင်ရန် ယခုကဲ့သို့ နျူကလီးယား စွမ်းအင်ရရှိရေး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း အီရန်နျူကလီးယားအစီအစဉ် အကြီးအကဲ အလီအက်ဂါဆိုတာနစ်က ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ကမ္ဘာ့မြို့ကြီးအချို့၏ ရာသီဥတုအခြေအနေ

ဟောင်ကောင် ဇွန် ၂၃

အာရှ-ပစိဖိတ်ဒေသမှ မြို့ကြီးအချို့၏ ဇွန် ၂၃ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကို ဟောင်ကောင်အခြေစိုက် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ရာသီဥတုခန့်မှန်းရေးဌာနက အောက်ပါအတိုင်း သတင်းထုတ်ပြန်ထားသည်-

နိုင်ငံ	မြို့	အပူချိန်	ရာသီဥတုအခြေအနေ
တရုတ်	ပေကျင်း	၃၃°C	တိမ်ထူထပ်
တောင်ကိုရီးယား	ဆိုးလ်	၂၇°C	တိမ်ထူထပ်
ဂျပန်	တိုကျို	၂၉°C	မိုးရွာ
ဖိလစ်ပိုင်	မနီလာ	၂၇°C	မိုးရွာ
ဗီယက်နမ်	ဟန္နိုင်း	၃၄°C	တိမ်ထူထပ်
ထိုင်း	ဗန်ကောက်	၃၅°C	လေပြင်းတိုက်၊ မိုးရွာ
မလေးရှား	ကွာလာလမ်ပူ	၃၃°C	လေပြင်းတိုက်၊ မိုးရွာ
စင်ကာပူ	စင်ကာပူ	၃၂°C	လေပြင်းတိုက်၊ မိုးရွာ
အိန္ဒိယ	မွမ်ဘိုင်း	၃၂°C	မိုးရွာ
ပါကစ္စတန်	ကရာချိ	၃၅°C	သာယာ
အင်ဒိုနီးရှား	ဂျကာတာ	၃၂°C	မိုးရွာ
ဩစတြေးလျ	ဆစ်ဒနီ	၁၈°C	သာယာ

(အင်တာနက်)

အာဖဂန်၌ အကြမ်းဖက်မှု ကန်တပ်ဖွဲ့ဝင် လေးဦးသေဆုံး

ကဘူးလ် ဇွန် ၂၃

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ်၌ ဇွန် ၂၁ရက်တွင် တာလီဘန်လက်နက်ကိုင်များက အကြမ်းဖက်တိုက်ခိုက်သဖြင့် အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်လေးဦး သေဆုံးပြီး၊ နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်က သတင်းထုတ်ပြန်သည်။

၄င်းနိုင်ငံရှိ တပ်ဖွဲ့ဝင်များအား လေ့ကျင့်သင်တန်းပေးခြင်းနှင့် အကြမ်းဖက်ဝါဒများ ဆန့်ကျင်ရေးအတွက် နိုင်ငံစုံတပ်ဖွဲ့မှတပ်ဖွဲ့ဝင် ၅၀၀၀၀ခန့်နှင့် အမေရိကန်တပ်ဖွဲ့ဝင် ၁၀၀၀၀ကျော်တို့ တပ်ဖြန့်ချထားလျက်ရှိသည်။

အမ်အင်န်အေ၊ရိုက်တာ

အီရတ်၌သေဆုံးသည့် ကန်တပ်ဖွဲ့ဝင် ၄၁၀၂ ဦးရှိပြီ

ဘဂ္ဂဒက် ဇွန် ၂၃

ဘဂ္ဂဒက်မြို့ အရှေ့မြောက်ပိုင်း ဒီယာလာပြည်နယ်၌ အမေရိကန် တပ်ဖွဲ့ကင်းလှည့်ယာဉ်ကို လမ်းဘေး ဗုံးသုံးလုံး ဖောက်ခွဲတိုက်ခိုက်သဖြင့် ကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြားငါးဦးဒဏ်ရာရရှိကြောင်း ဇွန်၂၁ရက်၌ အမေရိကန်စစ်ဘက်က သတင်းထုတ်ပြန်သည်။

ယင်းဖြစ်ပွားမှုသည် ဒုက္ခခံစားနေရသူများအား ကယ်ဆယ်ရေး ပစ္စည်းများနှင့် ဆေးဝါးများထောက်ပံ့ကူညီရန် သယ်ဆောင်လာသည့် ယာဉ်တန်းအား ဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့ရာမှ ကင်းလှည့်ယာဉ်ကို ထိမှန်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

၂၀၀၃ ခုနှစ် မတ်လတွင် အီရတ်သို့ အမေရိကန်တပ်များ ကျူးကျော် ဝင်ရောက်ကတည်းက ဇွန်၂၃ရက်အထိ အီရတ်၌သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ပေါင်း ၄၁၀၂ ဦးရှိသွားပြီဖြစ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်က ထုတ်ပြန်ကြေညာသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

သားဖြစ်သူ လက်နက်ကိုင်၍ ဖခင်က ရဲလက်အပ်

လန်ဒန် ဇွန် ၂၃

နေအိမ်တွင် သေနတ်နှင့်ကျည်ဆန်များကို တွေ့ရှိခဲ့ပြီးနောက် ဖခင်ဖြစ်သူက သားဖြစ်သူအား ရဲလက်သို့အပ်ခဲ့သဖြင့် ဆယ်ကျော်သက်အရွယ် သားငယ်မှာ ထောင်ဒဏ်ကျခံခဲ့ရကြောင်း လန်ဒန်ရဲတပ်ဖွဲ့က ဇွန်၂၂ရက်၌ ပြောကြားသည်။

လန်ဒန်မြို့ လန်ကာရှိုင်း အရပ်၌ နေထိုင်သည့် အသက်၄၅နှစ်အရွယ်ရှိ ဖခင်ဖြစ်သူ နီးလ်သည် သေနတ်ကိုင်ဆောင်သော သားဖြစ်သူ အသက်၁၉နှစ်အရွယ် ပေါလ်မက်ကာဖေးအား သေနတ်ကျည်ဆန်များနှင့်အတူ ရဲလက်သို့အပ်ခဲ့သဖြင့် ဇွန်၂၀ရက်က ထောင်ဒဏ်သုံးနှစ်ကျခဲ့သည်။

ထိတ်လန့်

ပေါလ်မက်ကာဖေးမှာ အော်တိုမစ်တစ် ပစ္စတိုတစ်လက်နှင့်အတူ ကျည်ဆန်၁၁တောင့်ကို ကိုင်ဆောင်ခဲ့သူဖြစ်ပြီး လူများအား ထိတ်လန့်မှု ဖြစ်စေခဲ့ကြောင်း၊ မိမိလုပ်ရပ်ကို နောင်တရမည်မဟုတ်ကြောင်း၊ မှန်ကန်သည်ဟုထင်ကြောင်း၊ ယခု လက်နက်ဖြင့် အမှားအယွင်းများလုပ်နိုင်ကြောင်း ပေါလ်မက်ကာဖေး၏ ဖခင် နီးလ်က ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

မက္ကဆီကို၌ ညကပွဲရုံမီးလောင်မှုဖြစ်ပွား ၁၂ဦးသေဆုံး၊ ၁၈ဦးဒဏ်ရာရရှိ

မက္ကဆီကိုစီးတီး ဇွန် ၂၃

မက္ကဆီကိုနိုင်ငံမြို့တော် မက္ကဆီကိုစီးတီးရှိ ညကပွဲရုံတစ်ခု၌ ဇွန်၂၁ရက်က မီးလောင်မှုဖြစ်ပွားရာ ၁၂ဦး သေဆုံးသွားကြောင်း မက္ကဆီကိုစီးတီးရဲတပ်ဖွဲ့က ဇွန်၂၂ရက်၌ ပြောကြားသည်။

အဆိုပါ ညကပွဲရုံ၌ ပါတီပွဲကျင်းပနေစဉ် မီးလောင်မှုဖြစ်ပွားသဖြင့် လူအများအပြား အရေးပေါ်ထွက်ပေါက်မှ ထွက်ပြေးခဲ့ကြသော်လည်း လူငယ်ကိုးဦးနှင့် ရဲတပ်ဖွဲ့ဝင်သုံးဦးတို့ မီးလောင်သေဆုံးခဲ့ပြီး ၁၈ဦး ဒဏ်ရာရရှိခဲ့သည်။

ထိုသို့ လူများသေဆုံးခဲ့ရခြင်းသည် ညကပွဲရုံ၏ အရေးပေါ်ထွက်ပေါက်မှာ ကျဉ်းမြောင်းလွန်း၍ ဖြစ်ပြီး လူများအစုအပြုံလိုက် တိုးဝှေ့ထွက်ကြရသဖြင့် ပိတ်မိကာ မီးလောင်ခံခဲ့ရခြင်း ဖြစ်သည်။

၄င်းညကပွဲရုံ၌ လူငယ်၁၀၀၀ခန့် ပါတီပွဲကျင်းပနေစဉ် ယခုကဲ့သို့ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပသည့် မယ်စကြဝဠာပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်သူ မက္ကဆီကို အလှမယ်တစ်ဦးအား ဇွန်၂၃ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ပြည်ပသတင်းနောက်ဆုံးဖြစ်ရပ်များ

မြန်မာ့အလင်း ၂၃-၆-၂၀၀၈

အိုလံပစ်ပွဲတော် မီဒီယာလုပ်ငန်းအတွက် ပြည်ပအကူအညီပေးရေးအဖွဲ့ ပေကျင်းသို့ရောက်ရှိ

အိုလံပစ်ပွဲတော် ကျင်းပစဉ်ကာလအတွင်း မီဒီယာလုပ်ငန်းများတွင် အကူအညီပေးနိုင်ရန်အတွက် အမေရိကန်တက္ကသိုလ်မှကျောင်းသား ၂၃ဦး ပါဝင်သောအဖွဲ့သည် တရုတ်နိုင်ငံ ပေကျင်းမြို့သို့ ပထမဆုံးမီဒီယာလုပ်ငန်း ပြည်ပအကူအညီပေးရေးအဖွဲ့အဖြစ် ရောက်ရှိလာပြီဖြစ်သည်။

ယင်းအဖွဲ့သည် အိုလံပစ်ပွဲတော်အတွက် အဓိကသတင်းထုတ်ပြန်ရေးဌာန(အမ်ပီစီ)နှင့် အပြည်ပြည်ဆိုင်ရာအသံလွှင့်ဌာန(အိုင်ဘီစီ)တို့တွင် ကူညီပံ့ပိုးလုပ်ကိုင်ကြမည်ဖြစ်သည်။

အီဂျစ်မှ ဆီးရီးယားသို့ ယခုနှစ်မကုန်မီ ဓာတ်ငွေ့ပို့လွှတ်မည်

အီဂျစ်နိုင်ငံမှ ဆီးရီးယားနိုင်ငံသို့ ဓာတ်ငွေ့တင်ပို့မှုကို ယခုနှစ်မကုန်မီ ဆောင်ရွက်နိုင်ရန် မျှော်မှန်းကြောင်း၊ ပထမပိုင်းတွင် ယခုနှစ် မတ် ၂၁ရက်၌ စတင်ပို့လွှတ်ရန် စီစဉ်ထားသော်လည်း နည်းပညာအခက်အခဲများကြောင့် ပို့လွှတ်နိုင်ခဲ့ခြင်းမရှိကြောင်း အီဂျစ်သတင်းဌာနဖြစ်သည့် အမ်အီးအင်န်အေ သတင်းဌာနက သတင်းထုတ်ပြန်သည်။

မော်စကို၌ ယာဉ်ဆင့်ကဲတိုက်မှု ဖြစ်ပွား

ရုရှားနိုင်ငံ မော်စကိုမြို့အနီးတွင် ယာဉ်ဆင့်ကဲတိုက်မှုဖြစ်ပွားခဲ့ရာ ခုနစ်ဦးသေဆုံးခဲ့ကြောင်း ဒေသတွင်းသတင်းဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါ ယာဉ်မတော်တဆမှုမှာ ဇွန်၂၂ရက် ည၁၀နာရီခန့်တွင် ရာရိုဆယ်လ်ကိုရီအဝေးပြေးလမ်းမတွင် ဖြစ်ပွားခဲ့ကြောင်း၊ ယာဉ်ငါးစီးဆက်တိုက်ဆင့်ကဲတိုက်မိခဲ့ပြီး မော်တော်ယာဉ်သုံးစီးမှာ မီးလောင်ကျွမ်းခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ယာဉ်ထိန်းရဲတပ်ဖွဲ့က ပြောကြားသည်။

ဖိလစ်ပိုင် သင်္ဘောနစ်မြုပ်မှုမှ ခရီးသည် ၃၄ ဦးအား ကယ်တင်နိုင်

ဖိလစ်ပိုင်နိုင်ငံတွင် ဖန်ရှန်မုန်တိုင်းကြောင့် နစ်မြုပ်ခဲ့သော ခရီးသည်တင်သင်္ဘောမှ ခရီးသည်၃၄ဦးအား ကယ်တင်နိုင်ခဲ့ပြီဖြစ်ကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ပြောကြားသည်။

ခရီးသည်၂၅ဦးမှာ သင်္ဘောနစ်မြုပ်ရာမှ အလှန်ကွာဝေးသော ကျူဇွန်ပြည်နယ်ရှိ ရွှမ်ဘလွန်ကမ်းရိုးတန်း၌ ရော်ဘာလှေငယ်လေးများပေါ်မှ ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများလည်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ကျူဇွန်ပြည်နယ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကမ္ဘာပေါ်တွင် ရေမသန့်ရှင်းမှုကြောင့် နေ့စဉ် လူ ၄၀၀၀ သေဆုံးနေ

ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးပြီးနိုင်ငံများ၊ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် မဖွံ့ဖြိုးသေးသော နိုင်ငံများတွင် ရေညစ်ညမ်းမှုကြောင့် နေ့စဉ် လူပေါင်း၄၀၀၀ သေဆုံးလျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

နိုင်ငံတိုင်းအနေဖြင့် ရေထုသန့်ရှင်းရေးကို အားကြိုးမာန်တက် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း စင်ကာပူနိုင်ငံတွင် ကျင်းပလျက်ရှိသည့် အပြည်ပြည်ဆိုင်ရာ ရေသန့်ရှင်းရေး သီတင်းပတ်ဖွင့်ပွဲတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ရေထုသန့်ရှင်းရေးနှင့် ကျန်းမာရေးစီမံကိန်းတာဝန်ခံ ဂျိမ်းဘာတမ်က ပြောကြားသည်။

ဘရာဇီး၌ ငါးဖမ်းစက်လှေနစ်မြုပ်၊ လေးဦးသေဆုံး

ဘရာဇီးနိုင်ငံတောင်ပိုင်း ဆန်တာကာတာရီနာပြည်နယ်တွင် ငါးဖမ်းစက်လှေတစ်စင်း နစ်မြုပ်မှုဖြစ်ပွားခဲ့ရာ လေးဦးသေဆုံးခဲ့ပြီး နှစ်ဦး ပျောက်ဆုံး လျက်ရှိကြောင်း ဒေသတွင်းမီးသတ်တပ်ဖွဲ့က ပြောကြားသည်။

ယင်းငါးဖမ်းလှေပေါ်တွင် ခရီးသွားဧည့်သည်များပါ တင်ဆောင်ထားကြောင်း၊ နှစ်ဦးကို ကယ်တင်နိုင်ခဲ့ပြီး ဆေးရုံသို့ တင်ပို့ပေးခဲ့ကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း မီးသတ်တပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

တရုတ်-တောင်ကိုရီးယား ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်အဖြစ် တရုတ်နိုင်ငံ တန်ကျင်းပြည်နယ်ရှိ ကဇာတ်ရုံတွင် ကိုရီးယားရိုးရာ ယဉ်ကျေးမှုအဖွဲ့၏ ကပြဖျော်ဖြေမှုကို ဇွန် ၂၃ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

သူတို့ အတွေးနှင့်အမြင်

* *Fame is the thirst of youth.*
  အောင်မြင်ကျော်ကြားမှုသည် လူငယ်လူရွယ်တို့၏ ဆာလောင်မွတ်သိပ်သည့် တောင့်တမှု ဖြစ်သည်။
  လော့ဒ်ဘိုင်ရွန်(အင်္ဂလိပ်လူမျိုး ကဗျာဆရာ)

* *Every noble work is at first impossible.*
  မွန်မြတ်သည့်အလုပ်မှန်သမျှမှာ အစပိုင်း၌ မဖြစ်နိုင်ဟု ထင်ရလေ့ရှိသည်။
  သောမတ်စ်ကာလိုင်း(စကော့လူမျိုး သမိုင်းဆရာနှင့်စာရေးဆရာ)

ဘဝအမောပြေ

ပြပါဦး....

ချစ်သူနှစ်ဦး ပန်းခြံတစ်ခုအတွင်း၌ လက်ထပ်ဖို့အရေး ဆွေးနွေးတိုင်ပင်လျက်ရှိနေရာ ...

လူငယ် ။ ။ အမြန်ဆုံးလက်ထပ်ချင်တယ်။

မိန်းကလေး ။ ။ အင်း။

လူငယ် ။ ။ လက်ထပ်ပြီးရင် မင်းကို စိတ်ချမ်းသာအောင်ထားပါ့မယ်။

မိန်းကလေး ။ ။ ဟုတ်ပါ့မလား။

လူငယ် ။ ။ အားလုံး ပြည့်ပြည့်စုံစုံနဲ့ နေနိုင်အောင်လည်း ကြိုးစားမယ်။

မိန်းကလေး ။ ။ တကယ်လား။

လူငယ် ။ ။ တိုက်နဲ့ ကားနဲ့ မင်းကိုထားမှာပါ။

မိန်းကလေး ။ ။ ဟုတ်လား။ ကဲဒါဆို... ရှင့်ရဲ့ ဘဏ်စာရင်းစာအုပ် အရင်ပြစမ်းပါဦး။

လူငယ် ။ ။ "ဟာကွာ"

နိုင်ငံတကာမှုခင်းဖြစ်ရပ်

အချိန်မတိုင်မီ ကြွေလွင့်ခဲ့ရခြင်းသည်လည်း....

ဘရိုက်တန်မြို့လေးသည် ဗြိတိန်နိုင်ငံ ဆပ်ဆက်နယ်အရှေ့ပိုင်း ဗြိတိန်ရေလက်ကြားကမ်းနဖူးတွင် တည်ရှိသော ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းမြို့ဖြစ်ပြီး လူဦးရေသုံးသိန်းကျော်နေထိုင်ကာ သာယာလှပသည့်မြို့လေးဖြစ်သည်။ ယင်းမြို့တွင် အယ်လ်ဘေးနီးယားနိုင်ငံမှ ဗြိတိန်နိုင်ငံသို့ အလုပ်လာရောက်လုပ်ကိုင်သော အယ်လ်ဘေးနီးယား နိုင်ငံသား အယ်လ်တင်မိုလီတာဆိုသူ လူငယ်တစ်ဦးနေထိုင်ခဲ့သည်။ အယ်လ်တင်မိုလီတာသည် ၂၀၀၂ခုနှစ်ကတည်းက ဘရိုက်တန်မြို့လေးသို့ ရောက်ရှိပြီး ဘရိုက်တန်မြို့ ဟို့ဗ်အရပ်ရှိ ပတ်ဆိုင်ကက်ညကလပ်တွင် ဧည့်ကြိုအဖြစ် လုပ်ကိုင်နေခဲ့သည်မှာ သူ့အသက် ၂၅နှစ်အရွယ်သို့ ရောက်သည့် ၂၀၀၄ ခုနှစ်အထိဖြစ်သည်။

ဆက်ဆံရေးပြေပြစ်

မိုလီတာသည် အယ်လ်ဘေးနီးယားနိုင်ငံတွင်ရှိသော မိဘနှစ်ပါးနှင့် အစ်ကို၊ အစ်မများကို အလုပ်လုပ်ကိုင်၍ ငွေကြေးထောက်ပံ့ပြီး ကျေးဇူးဆပ်နေသူတစ်ဦးဖြစ်ပြီး အငယ်ဆုံးသားဖြစ်သည်။ သူသည် ဧည့်ကြိုတစ်ဦးပီသစွာပင် အပြောအဆို အမူအရာ ယဉ်ကျေးလိမ္မာကာ သိမ်မွေ့သူတစ်ဦးဖြစ်သည်။ ဧည့်သည်များအပေါ်တွင် ယဉ်ကျေးချိုသာစွာ ဆက်ဆံရေးပြေပြစ်သူတစ်ဦးဖြစ်သောကြောင့် ညကလပ်ကို လာရောက်သူ ဧည့်သည်များ၏ ဆုကြေးများကို မကြာခဏ ရသကဲ့သို့ ညကလပ်ပိုင်ရှင်၏ မျက်နှာသာပေးမှု၊ ယုံကြည်ကိုးစားမှုကို ခံရသူဖြစ်သည်။ အလုပ်ရှင်က သူ့အား မကြာခဏ ဆုကြေးငွေ ရက်ရောစွာ ပေးကမ်းလေ့ရှိသည်။ ထို့ကြောင့် မိုလီတာသည် လုပ်ငန်းခွင်တွင် အဆင်ပြေချောမွေ့ကာ ဇာတိနိုင်ငံရှိ မိဘများထံသို့ ငွေကြေး လုံလောက်စွာ ပြန်ပို့နိုင်သကဲ့သို့ သူ၏အိမ်မှ အလုပ်သို့ သွားလာရေး အဆင်ပြေစေရန်အတွက် ကားတစ်စီး ကို နှစ်ချုပ်ဖြင့် ငှားရမ်းအသုံးပြုနိုင်သည်အထိ ပြေလည်လာခဲ့လေသည်။

အငြိုးအတေးထား

မိုလီတာသည် နိုင်ငံရပ်ခြား၌ စွန့်စားလုပ်ကိုင်ကာ ဘဝခရီးလမ်းတွင် အစစ အရာရာ ဖြောင့်ဖြူးနေချိန် ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလဆန်း၏ တစ်နေ့သောညနေပိုင်း၌ မထင်မှတ်သော ပြဿနာပေါ်ပေါက်ခဲ့သည်။ သူသည် ထိုညနေခင်းက အလုပ်လုပ်ရာ ညကလပ်သို့ စီးနင်းလာသောကားကို ကလပ်ရှေ့ရှိ ပယ်လ်မီရာရင်ပြင်၌ ကားရပ်ရန်နေရာတွင် သူ၏ကားကို ထိုးရပ်လိုက်သည်။ ထိုအချိန်တွင် လူသုံးဦး စီးနင်းလာသည့် တရကြမ်းမောင်းနှင်လာသော ကားတစ်စီးက သူ၏ကားနောက်တွင် ထိုးရပ်စဉ် အရှိန်မထိန်းနိုင်ဘဲ ဝင်တိုက်မှုကြောင့် ကားနောက်ပိုင်းရှိ မီးလုံးများပျက်စီးကာ ကားနောက်ပိုင်းတစ်ပိုင်းလုံး ပိန်ချိုင့်သွားခဲ့သည်။ ထို့ကြောင့် မိုလီတာက သူ၏ အငှားကားပျက်စီးမှုအတွက် လျော်ကြေးတောင်းရာ ထိုလူသုံးဦးက လျော်ကြေးမပေးလိုသော်လည်း သက်ဆိုင်ရာလူကြီးများ၏ ဆုံးဖြတ်မှုကြောင့် မကျေမနပ်ဖြင့် လျော်ကြေးပေးခဲ့ရသည်။ မိုလီတာသည် ပြီးပြတ်သွားသော ထိုကိစ္စကို မေ့ထားသော်လည်း သူကဲ့သို့ အယ်လ်ဘေးနီးယား နိုင်ငံသားများဖြစ်သူ ထိုလူငယ်သုံးဦးက အငြိုးအတေးထားခဲ့သည်။ ၂၀၀၄ခုနှစ် မေ၃ရက် ည၁၁နာရီ၌ သူ့အလုပ်မှ နေထိုင်ရာအိမ်သို့ပြန်ရန် ကားပေါ်သို့တက်စဉ် ထိုလူသုံးဦးက သူ့အားတိုက်ခိုက်ကာ ဓားဖြင့် သူ၏ ခန္ဓာကိုယ်အနှံ့ အချက်ပေါင်းများစွာ ထိုးခဲ့သဖြင့် မိုလီတာ သေဆုံးခဲ့ရသည်။

လူသတ်မှုကျူးလွန်

မိုလီတာသေဆုံးမှုနှင့် ပတ်သက်ပြီး အယ်လ်ဘေးနီးယား နိုင်ငံသားများဖြစ်ကြသော အသက် ၃၁နှစ်အရွယ်ရှိ ဗွိုင်အိုနက်ဒီမာ၊ ယင်းမြို့ ဆီလ်ဝုဒ်လမ်းမှ အသက် ၂၇နှစ်ရှိ အီမီရ်ဒီမာ၊ အိမ်လိပ်စာအတည်တကျမရှိသူ မီဗန်ဒီမာ၊ ဟိုလင်ဒီယန်အရပ် ဘာစတက်ကလိုဆီရိပ်သာမှ အသက် ၃၂နှစ်ရှိ ဖလာမူရ်တိုပယ်လီနှင့် ဆပ်ကပ်ပရိတ်ဒ်အရပ်မှ အသက်၂၁နှစ်အရွယ်ရှိ အင်းဒရစ်အယ်လ်လာဇာရီတို့ကို ဖမ်းဆီးတရားစွဲဆိုခဲ့သည်။ ဖမ်းဆီးထားသူငါးဦးအနက် ဗွိုင်အိုနက်ဒီမာက လူသတ်မှုကျူးလွန်ခဲ့မိကြောင်း ၂၀၀၄ ခုနှစ် အောက်တိုဘာ ၄ရက်တွင် ဝန်ခံခဲ့သည်။ ကျန်လေးဦးကမူ လူသတ်မှု မကျူးလွန်ကြောင်း ဆက်လက်ငြင်းဆိုခဲ့သည်။ သို့ရာတွင် မျက်မြင်သက်သေများ၏ ထွက်ဆိုချက်အရ ဗွိုင်အိုနက်ဒီမာအပြင် အီမီရ်ဒီမာနှင့် ဖလာမူရ်တိုပယ်လီတို့သည်လည်း အပြစ်ရှိကြောင်း တွေ့ရှိခဲ့ရသည်။ ထို့ကြောင့် ဗြိတိန်နိုင်ငံ အိုးဘေလီတရားရုံးက ၂၀၀၅ခုနှစ် မတ် ၃ရက်တွင် ဗွိုင်အိုနက်ဒီမာအား ထောင်ဒဏ်၁၇နှစ်ဖြစ်လေ၊ အီမီရ်ဒီမာနှင့် ဖလာမူရ်တိုပယ်လီတို့ကို ထောင်ဒဏ်၁၆နှစ်စီ အသီးသီးချမှတ်ပြီး အပြစ်မရှိသူ မီဗန်ဒီမာနှင့် အင်းဒရစ်အယ်လ်လာဇာရီတို့ကို အမှုမှ တရားသေလွှတ်ခဲ့သည်။

သင်ခန်းစာယူဖွယ်

ယခုဖြစ်ရပ်တွင် ထောင်ဒဏ်ကျခံရသူများသည် လျော်သင့်လျော်ထိုက်သည့် ငွေကြေးပေးလျော်ရမှုကို မကျေနပ်စိတ်ထားကာ အငြိုးထား ရန်ပြုတိုက်ခိုက်ခဲ့မှုကြောင့် အပြစ်မဲ့သည့် မိဘများအား လုပ်ကျွေးနေသူ တစ်နိုင်ငံတည်းသား အယ်လ်တင်မိုလီတာမှာ ကြေကွဲဖွယ်သေဆုံးခဲ့ရပြီး ၄င်းတို့ ကိုယ်တိုင်လည်း ထောင်ထဲတွင် ကာလကြာရှည်စွာ ပေးဆပ်ရဦးမည်။ မသမာသူများကြောင့် မိဘများအပေါ်တွင် ကျေးဇူးသိတတ်ကာ ပြန်လည်ပေးဆပ်နေသော ဘဝရှေ့ခရီး တိုးတက်အောင်မြင်မှု ရောင်နီသန်းလျက်ရှိသူ အယ်လ်တင်မိုလီတာ၏ အချိန်မတိုင်မီ စောစီးစွာ ကြွေလွင့်ခဲ့ရသော ရင်နင့်ဖွယ်ရာ၊ သင်ခန်းစာ ယူဖွယ်ရာ ဖြစ်ရပ်ကို ကိုးကားရေးသားလိုက်ရပါကြောင်း။ ။

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

ယခုဖြစ်ရပ်တွင် ထောင်ဒဏ်ကျခံရသူများသည် လျော်သင့်လျော်ထိုက်သည့် ငွေကြေးပေးလျော်ရမှုကို မကျေနပ်စိတ်ထားကာ အငြိုးထား ရန်ပြုတိုက်ခိုက်ခဲ့မှုကြောင့် အပြစ်မဲ့သည့် မိဘများအား လုပ်ကျွေးနေသူ တစ်နိုင်ငံတည်းသား အယ်လ်တင်မိုနီလီတာမှာ ကြေကွဲဖွယ် သေဆုံးခဲ့ရ။

မြန်မာ့ယဉ်ကျေးမှုသမိုင်း သုတေသနစာတမ်းဖတ်ပွဲ ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇွန် ၂၃

ယဉ်ကျေးမှုဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသော မြန်မာ့ယဉ်ကျေးမှုသမိုင်း သုတေသနစာတမ်းဖတ်ပွဲကို နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဘက်စုံခန်းမ၌ ဇွန်၂၂ရက် နံနက် ၉နာရီတွင် ကျင်းပရာ မြန်မာသမိုင်းအဖွဲ့ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အမှာစကားပြောကြား

မြန်မာသမိုင်းအဖွဲ့ ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသော မြန်မာ့ယဉ်ကျေးမှုသမိုင်း သုတေသန စာတမ်းဖတ်ပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

တက်ရောက်

အဆိုပါအခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဦးထွန်းအောင်ချိန်နှင့် အဖွဲ့ဝင်များ၊ စာတမ်းရှင်များ၊ ဝန်ကြီးဌာနများမှ ဧည့်သည်တော်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာသမိုင်းအဖွဲ့ ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် သမိုင်းဆိုသည်မှာ အတိတ်၏ ဖြစ်ရပ်များကို မှတ်တမ်းတင်ခြင်းဖြစ်ပြီး ယဉ်ကျေးမှုဆိုသည်မှာ နိုင်ငံ တစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ မြင့်မားသော လူမှုအဖွဲ့အစည်းများ၊ အစိုးရစနစ်များ၊ တရားစီရင်မှုစနစ်များ၊ ဓလေ့ထုံးစံနှင့် ယဉ်ကျေးမှုများ၊ ယုံကြည်ကိုးကွယ်မှုများ၊ လူမှုစီးပွားရေးဘဝများ စသည်ဖြင့် လွန်စွာကျယ်ပြန့်သည့် နယ်ပယ်ကို ရည်ညွှန်းကြောင်း၊ ခေတ်တစ်ခေတ်၏ ယဉ်ကျေးမှုကို သမိုင်းတင်ရာမှာ စီးပွားရေးသမိုင်း၊ နိုင်ငံရေးသမိုင်း၊ စာပေသမိုင်း၊ ဂီတသမိုင်း၊ အနုပညာသမိုင်း၊ ဒဿနိကဗေဒသမိုင်း၊ ဘာသာရေးသမိုင်း၊ သိပ္ပံပညာသမိုင်း စသည်ဖြင့် ကဏ္ဍပေါင်းစုံကို တစုတစည်းတည်း အစဉ်အတိုင်း ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ အားလုံးကို ခြုံငုံပြီး ရုပ်လုံးဖော်ရမှာ ဖြစ်ကြောင်း၊ သို့အတွက်ကြောင့် ယခုကဲ့သို့ စာတမ်းဖတ်ပွဲမျိုးကို ခေတ်ကာလတစ်ခုကို သတ်မှတ်ပိုင်းခြားပေးရန်လိုအပ်ကြောင်း၊ ယဉ်ကျေးမှု ဆိုသည်မှာ way of life ကို ဆိုလိုခြင်း ဖြစ်ကြောင်း၊ သို့အတွက်ကြောင့် အတိတ်က နိုင်ငံသားများ၏ way of life ကို မှတ်တမ်းတင်နေသည့် သမိုင်းသုတေသနလုပ်ငန်းသည် ယဉ်ကျေးမှုဝန်ကြီးဌာနအတွက် အရေးပါသော ကဏ္ဍတစ်ရပ်ဖြစ်ကြောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန၏ ဆောင်ပုဒ်မှာ "နိုင်ငံဂုဏ်ပြု ယဉ်ကျေးမှု" ဖြစ်ကြောင်း၊ ဂုဏ်ပြုရမည့် မိမိတို့ နိုင်ငံသည် လွန်ခဲ့သော နှစ်သန်းပေါင်း ၄၀က လူတူပရိုင်းမိတ်ကို ကမ္ဘာပေါ်မှာ တွေ့ရှိသမျှ ရှေးအကျဆုံးအဖြစ် တွေ့ရှိခဲ့၊ တွေ့ရှိဆဲနိုင်ငံ ဖြစ်ကြောင်း၊ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ် ယဉ်ကျေးမှု အထောက်အထားများ ပြည့်စုံစွာရှိသော နိုင်ငံ၊ အဆင့်အတန်း မြင့်မားသော ပျူခေတ်ယဉ်ကျေးမှု အဆောက်အအုံများရှိသော နိုင်ငံဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာလူသားတို့၏ ဖြစ်ပေါ်တိုးတက်မှုသမိုင်းကို အစဉ်အတိုင်း ကွင်းဆက်မပြတ် ကဏ္ဍပေါင်းစုံမှ ခေတ်အမြင်နှင့် ပြန်လည်သန့်စင် မှတ်တမ်းတင်ရန် လိုအပ်ကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ရာတွင် လွန်ခဲ့သည့် နှစ်ပေါင်း သန်း၄၀ကစ၍ သမိုင်းပြန်ကောက်ရမည့် တာဝန်သည် မိမိတို့အပေါ် ကျရောက်ခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဦးထွန်းအောင်ချိန်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး သမိုင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဘမောင်က စာတမ်းဖတ်ပွဲ၏ ရည်မှန်းချက်များကို ရှင်းလင်းတင်ပြသည်။

စာတမ်းဖတ်ကြား

ယနေ့ကျင်းပသည့် စာတမ်းဖတ်ပွဲ ပထမနေ့တွင် မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဦးထွန်းအောင်ချိန်၊ မြန်မာသမိုင်းအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာသော်ကောင်း၊ ဦးလှသိန်း၊ ဒေါ်အုန်းကြည်၊ ဒေါက်တာကျော်ဝင်းနှင့် ဦးကျော်တို့က အလှည့်ကျ သဘာပတိအဖြစ် ဆောင်ရွက်ကြပြီး မြန်မာသမိုင်းအဖွဲ့ အဖွဲ့ဝင် ဒေါက်တာခင်မောင်ညွန့်က "နေပြည်တော်ဝန်းကျင် သမိုင်းဝင်နေရာများ" စာတမ်းကိုလည်းကောင်း၊ မြန်မာသမိုင်းအဖွဲ့ အတွင်းရေးမှူး ဒေါက်တာတိုးလှက "ကမ္ပည်းစာနှင့် အနုပညာလက်ရာများက ပြောသော ဖိုဝင်းတောင်သမိုင်း" စာတမ်းကို လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ ကထိက ဒေါက်တာအေးအေးသန်းက "ပုဂံခေတ်၌ ဝတ်ဆင်ခဲ့ကြသော အဝတ်အထည်ပုံစံနှင့် အဆင်များ" စာတမ်းကို လည်းကောင်း၊ ပခုက္ကူတက္ကသိုလ် သမိုင်းဌာနမှ လက်ထောက်ကထိက ဒေါက်တာတိုးတိုးဝင်းက "ကုန်းဘောင်ခေတ် နံရံပန်းချီများကို လေ့လာခြင်း" စာတမ်းကို လည်းကောင်း၊ ရန်ကုန်တက္ကသိုလ် သမိုင်းဌာနမှ လက်ထောက်ကထိကဒေါက်တာတင်မောင်ထွေးက Votive Tablets of Srikhestra စာတမ်းကိုလည်းကောင်း ဖတ်ကြားကြသည်။

ဆွေးနွေးအကြံပြု

ယင်းနောက် စာတမ်းဖတ်ကြားမှုများအပေါ် မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဦးထွန်းအောင်ချိန်၊ မြန်မာသမိုင်းအဖွဲ့ အတွင်းရေးမှူး ဒေါက်တာတိုးလှ၊ မြန်မာသမိုင်းအဖွဲ့ အဖွဲ့ဝင်များ ဖြစ်ကြသော ဒေါက်တာခင်မောင်ညွန့်၊ ဦးလှသိန်းနှင့် ဒေါက်တာဒေါ်မြင့်ကြည်၊ ပြင်ပပညာရှင် ဒေါက်တာမျိုးသန့်တင်၊ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်း၊ သမိုင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဘမောင်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဦးတင်စိုး၊ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များ ဖြစ်ကြသော ဦးစိန်ဝင်းနှင့် ဒေါ်စန္ဒာခင်၊ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန အငြိမ်းစား ပါမောက္ခဒေါ်ခင်ဆွေမြင့်၊ သမိုင်းသုတေသနဦးစီးဌာန အငြိမ်းစား လက်ထောက်ညွှန်ကြားရေးမှူး ဦးစံဝင်းတို့က ဆွေးနွေးအကြံပြု မေးမြန်းကြရာ စာတမ်းရှင်များက ပြန်လည်ဖြေကြားကြသည်။

ယင်းနောက် မြန်မာသမိုင်းအဖွဲ့ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က စာတမ်း ဖတ်ကြားဆွေးနွေးမှုများအပေါ် ဖြည့်စွက်မှာကြားပြီး စာတမ်းဖတ်ပွဲ ပထမနေ့အစီအစဉ်ကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

ဒုတိယနေ့

စာတမ်းဖတ်ပွဲ ဒုတိယနေ့ကို ယနေ့နံနက်၉နာရီတွင် ဆက်လက် ကျင်းပရာ မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဦးထွန်းအောင်ချိန်၊ မြန်မာသမိုင်းအဖွဲ့ အတွင်းရေးမှူး ဒေါက်တာတိုးလှ၊ မြန်မာသမိုင်းအဖွဲ့ အဖွဲ့ဝင်များ ဖြစ်ကြသော ဒေါက်တာခင်မောင်ညွန့်၊ ဦးလှသိန်း၊ ဒေါက်တာကျော်ဝင်းနှင့် ဦးကျော်တို့က အလှည့်ကျ သဘာပတိအဖြစ် ဆောင်ရွက်ကြပြီး မြန်မာသမိုင်းအဖွဲ့ အဖွဲ့ဝင် ဒေါက်တာကျော်ဝင်းနှင့် မြန်မာစာအဖွဲ့ဝင် ဒေါက်တာခင်အေးတို့၏ "အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ ကြိုးပမ်းမှု" စာတမ်းကို ဒေါက်တာကျော်ဝင်းကလည်းကောင်း၊ သမိုင်းသုတေသနဦးစီးဌာနမှ အငြိမ်းစား လက်ထောက်ညွှန်ကြားရေးမှူး ဦးစံဝင်းက "အောက်မြန်မာနိုင်ငံ ဂဝံမြို့တော်ဟောင်းများနှင့် ဂဝံယဉ်ကျေးမှု" စာတမ်းကိုလည်းကောင်း၊ သမိုင်းသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်သိန်းက "ပျူတို့နှင့် ဆက်နွယ်နေသည့် ခေတ်ဦးရခိုင်ကိုးကွယ် ယုံကြည်မှု" စာတမ်းကိုလည်းကောင်း၊ မြန်မာသမိုင်းအဖွဲ့ အဖွဲ့ဝင် ဦးလှသိန်းက "လက်အောက်ခံ ကိုလိုနီမြန်မာနိုင်ငံတွင် ယဉ်ကျေးမှုအနုပညာရပ်များ တိမ်ကောခြင်း၊ ပြန်လည်ထွန်းကားလာခြင်းနှင့် ပြောင်းလဲလာသည့် နိုင်ငံရေးအခြေအနေ (၁၈၈၆-၁၉၁၉)" စာတမ်းကိုလည်းကောင်း၊ သမိုင်းသုတေသနဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိန်မြင့်က "ပုဂံခေတ် ဂီတ၊ အကနှင့် အနုပညာ" စာတမ်းကို လည်းကောင်း၊ သမိုင်းသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ငြိမ်းက "ဗုဒ္ဓဘာသာယဉ်ကျေးမှုနှင့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်း" စာတမ်းကို လည်းကောင်း ဖတ်ကြားကြသည်။ ထို့နောက် စာတမ်းဖတ်ကြားမှုများအပေါ် မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဦးထွန်းအောင်ချိန်၊ မြန်မာသမိုင်းအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာခင်မောင်ညွန့်၊ ဒေါက်တာကျော်ဝင်း၊ ပြင်ပပညာရှင် ဒေါက်တာမျိုးသန့်တင်၊ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်း၊ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦး၊ သမိုင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဘမောင်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဦးတင်စိုး၊ ရှေးဟောင်း သုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်ဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးငြိမ်းလွင်၊ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဝင်းတို့က ဆွေးနွေးအကြံပြုမေးမြန်းရာ စာတမ်းရှင်များက ပြန်လည်ဖြေကြားကြသည်။ ယင်းနောက် မြန်မာသမိုင်းအဖွဲ့ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က စာတမ်းများအပေါ် ဖြည့်စွက်ဆွေးနွေးပြီး မြန်မာသမိုင်းအဖွဲ့ဝင်များနှင့် စာတမ်းရှင်များကို အမှတ်တရ လက်ဆောင်များ ပေးအပ်သည်။

အမှာစကားပြောကြား

ထို့နောက် မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဦးထွန်းအောင်ချိန်က နိဂုံးချုပ်အမှာစကားပြောကြားပြီး စာတမ်းဖတ်ပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗုဒ္ဓဘာသာပစ္စည်းလေးပါးထောက်ပံ့ရေးအဖွဲ့ ငွေကျပ်သိန်း၁၂၀တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများလှူဒါန်း

ရန်ကုန် ဇွန် ၂၃

ဗုဒ္ဓဘာသာ ပစ္စည်းလေးပါးထောက်ပံ့ရေးအဖွဲ့မှ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့်နှင့် သီဟသုဓမ္မ မဏိဇောတဓရ ရွှေမြင်တင်ဦးညိုတို့ ဦးဆောင်သော အဖွဲ့ဝင်များသည် ဇွန် ၂၂ရက်က မော်လမြိုင်ကျွန်းမြို့ရှိ ပုညဝမ္မနကျောင်း၌ ပင့်သံဃာတော်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ကွယ်လွန်သွားကြသော လေဘေးသင့်ပြည်သူများအတွက် အမျှပေးဝေကြသည်။

လှူဒါန်း

ထို့နောက် မော်လမြိုင်ကျွန်းမြို့နယ် ထိယာလီရွာနှင့် ကလန်းချောင်းကျေးရွာတို့မှ လေဘေးသင့်ပြည်သူများအတွက် ငွေကျပ်သိန်း ၁၂၀တန်ဖိုးရှိ ငွေနှင့် ထောက်ပံ့ရေးပစ္စည်းများကို လှူဒါန်းကြသည်။ (က-ပ)

ဇွန်၂၂ရက်က အထက(၁) မြောက်ဥက္ကလာပ ကျောင်းသားဟောင်းများအသင်း၏ လေဘေးဒဏ်ခံရသော ဆရာ၊ ဆရာမဟောင်းများနှင့် ကျောင်းသားဟောင်းများအား လှူဒါန်း၊ ထောက်ပံ့ပွဲတွင် လေဘေးသင့်ခဲ့သော အငြိမ်းစားဆရာမဟောင်း ဒေါ်သိန်းကြည်အား ကျောင်းသားဟောင်းအသင်းဥက္ကဋ္ဌ အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ ဦးအောင်ကြည်မြင့်က အိမ်ဆောက်ပစ္စည်း၊ အဝတ်အထည်နှင့် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)



ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား တရုတ်သံအမတ်ကြီးနှင့် China National Petroleum Corporation ဒုတိယဥက္ကဋ္ဌတွေ့ဆုံ နှစ်နိုင်ငံစွမ်းအင်ကဏ္ဍ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် ဇွန် ၂၃

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Guan Mu နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Petroleum Corporation ဒုတိယဥက္ကဋ္ဌ Mr. Liao Yongyuan တို့ ဦးဆောင်သောအဖွဲ့သည် ဇွန် ၂၀ရက် ညနေ၅နာရီက နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံစွမ်းအင်ကဏ္ဍဆိုင်ရာ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

စာချုပ်အပြန်အလှန်လဲလှယ်

ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Petroleum Corporation တို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်မည့် ရခိုင်ကမ်းလွန်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရေနံပိုက်လိုင်းသွယ်တန်းနိုင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် Feasibility Study on Oil Pipe Line ရေနံပိုက်လိုင်းပဏာမ လေ့လာရေး သဘောတူညီမှုစာချုပ်ကို စွမ်းအင်စီမံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်နှင့် China National Petroleum Corporation ဒုတိယဥက္ကဋ္ဌ Mr. Liao Yongyuan တို့က လက်မှတ်ရေးထိုးကြပြီး စာချုပ်ကို အပြန်အလှန် လဲလှယ်ကြသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲနှင့် လက်မှတ်ရေးထိုးပွဲသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းဌေး၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ၃ရပ်ကွက် မင်းကျောင်း လမ်း ရှိ သစ္စာဒီပက ဝိပဿနာ အဖွဲ့ချုပ် ရိပ်သာ ယောဂီ ဆောင် ဆောက်လုပ်ရန် အတွက် မိဘများ ဖြစ်ကြသော ကျေးဇူးရှင်ဆရာကြီး(ဦးကြည်)နှင့်ဒေါ်မြကြည်တို့အား အမှူးထား၍ ရန်ကုန်တိုင်းတာမွေမြို့နယ် မအူကုန်းရပ်ကွက် လမ်း ၁၄၀ အမှတ် ၃၅နေ ဦးငွေဇင်-ဒေါ်မာလာအေး၊ သားသမီး၊ မြေးတစ်စုတို့က အလှူငွေကျပ် နှစ်သိန်းကို ဒုတိယအကြိမ်လှူဒါန်းရာ နာယက ဓမ္မကထိက ဆရာ ဦးသိန်းဆွေ(ဓနုဖြူ)နှင့် အတွင်းရေးမှူး ဦးမြင့်သန်းတို့က လက်ခံယူစဉ်။ (က-ပ)

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း သာကေတမြို့နယ် ၉ရပ်ကွက် ရတနာပုံ(၃)လမ်းနေ ဦးစံမြင့်မိသားစုက ဦးစံမြင့်၏ အသက်(၈၀)ပြည့်မွေးနေ့ အထိမ်းအမှတ် ဆွမ်းပဒေသာပင် ငွေကျပ် တစ်သိန်းနှစ်သောင်းငါးထောင်ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးညီညီလွင်ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အလေးမပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၂၃

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယမန်နေ့ ညနေပိုင်းက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပသော ၂၀၀၈ခုနှစ် (၁၀)ကြိမ်မြောက် မြန်မာနိုင်ငံအိုလံပစ် ကော်မတီဥက္ကဋ္ဌဖလား တံခွန်စိုက် အလေးမပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

(အပေါ်ယာပုံ)

ဖွင့်ပွဲအခမ်းအနားသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် ကော်မတီဝင်များ၊ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းလွင်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် အလေးမ အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ချီးမြှင့်

ပထမနေ့ ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီး အားကစား အဖွဲ့ချုပ် ဗဟိုလုပ်ငန်း ကော်မတီဥက္ကဋ္ဌဒေါ်အေးအေးက အမျိုးသမီး ၅၃ကီလိုတန်းပြိုင်ပွဲတွင် ပထမရရှိသော သောရေဖော (လယ်ယာ/ဆည်မြောင်း)အား လည်းကောင်း၊ အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီက ဒုတိယရရှိသော နှင်းသန့်ဇင် (အား/ကာသိပ္ပံ-မန္တလေး)နှင့် တတိယရရှိသော နန်းစေးဖောင် (ရထားပို့ဆောင်ရေး)တို့အား လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်

ဆက်လက်၍မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန် ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမျိုးသမီး ၅၈ကီလိုတန်းပြိုင်ပွဲတွင် ပထမရရှိသော လေးလေးနွယ် (ရထားပို့ဆောင်ရေး)နှင့် နန်းအေးခိုင် (ရထားပို့ဆောင်ရေး)တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမျိုးသမီး ၆၃ကီလိုတန်းပြိုင်ပွဲတွင် ပထမရရှိသော ရွှေစင်ဝင်း (လယ်ယာ/ဆည်မြောင်း)နှင့် အေးနန္ဒာကျော်(လယ်ယာ/ဆည်မြောင်း)တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

နံနက်ပိုင်း ကျင်းပပြီးစီးသွားသော ပြိုင်ပွဲများတွင် အနိုင်ရရှိကြသူများအား မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် နာယကများနှင့် တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။ (မြန်မာ့အလင်း)

ဂျပန်နိုင်ငံရှိ Rotary International District-2790 (Masataka Shiratori Governor, Rotar Act Club, Funabashi East Rotary Club) မှ လေဘေးသင့် ပြည်သူများအတွက် အမေရိကန်ဒေါ်လာ၅၀၀၀နှင့် ဆေးဝါးပစ္စည်းများကို ဇွန် ၂၁ရက်က မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာကျော်မြင့်နိုင်နှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကွမ်းခြံကုန်းမြို့နယ် လေဘေးသင့် ပြည်သူများအား ဝင်းအထူးကုဆေးခန်းမှ အခမဲ့ရောဂါရှာဖွေ ကုသပေး

ရန်ကုန် ဇွန် ၂၃

ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ရုံးခန်းမတွင် ဇွန်၈ရက်က ဝင်းဆေးခန်း အမှတ်(၁၉၁/၁၉၃) လမ်း ၃၀ ပန်းဘဲတန်းမြို့နယ်မှ အခမဲ့ရောဂါရှာဖွေရေးနှင့် ဆေးကုသလှူဒါန်းမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ သွားရောက်ကြည့်ရှု အားပေးသည်။

လိုက်ပါ

ဝင်းအထူးကုဆေးခန်း လမ်း၃၀၏ အခမဲ့ရောဂါရှာဖွေရေးနှင့် ဆေးကုသလှူဒါန်းမှု လုပ်ငန်းတွင် ပါမောက္ခ ဦးခင်မောင်ဝင်း(အသည်းအထူးကု)၊ ပါမောက္ခ ဦးဝင်းမြင့်(ခွဲစိတ်အထူးကု)၊ ဒေါက်တာဦးကျော်ဌေး(အရိုး၊ အကြော)အထူးကု၊ဒေါက်တာကျော်မြင့်(ဓာတ်မှန်ဆရာဝန်ကြီး)၊ ဒေါက်တာခင်မောင်ဦး၊ တွဲဖက်ပါမောက္ခဒေါ်ခင်လေးရီ၊ ဒေါက်တာဒေါ်တင်အေးခိုင်၊ ဒေါက်တာ ဦးကိုကိုလတ်၊ ဒေါက်တာငွေတီဦး၊ ဒေါက်တာ ဝင်းထွဋ်သန့်၊ ဒေါက်တာဒေါ်အိအိအုန်း၊ ဒေါက်တာရှယ်လီ၊ ဒေါက်တာအိအိမွေး၊ ဒေါက်တာရွှေရည်ဝင်း၊ ဒေါက်တာအေးသီတာ၊ ဒေါက်တာဇော်မင်းနိုင်၊ ဒေါက်တာနှင်းနှင်းသန့်တို့က အသည်းရောဂါ၊ အရိုး၊ အကြောရောဂါ၊ သွားရောဂါ၊ မျက်စိရောဂါနှင့် အထွေထွေရောဂါများကို ဆေးဝန်ထမ်း ၄၄ဦး လိုက်ပါ၍ လူနာ ၄၀၀ကျော်အား အခမဲ့ရောဂါရှာဖွေရေးနှင့် ဆေးကုသပေးကြသည်။

ကူညီပံ့ပိုးပေး

အဆိုပါ ဝင်းအထူးကုဆေးခန်း လမ်း၃၀၏ အခမဲ့ရောဂါရှာဖွေရေးနှင့် ဆေးကုသလှူဒါန်းမှု လုပ်ငန်းတွင် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်စိုး၊ အလုပ်အမှုဆောင်များနှင့် အသင်းဝင်များက ကူညီပံ့ပိုးပေးကြသည်။ (က-ပ)

မေတ္တာခြုံလုံ့ပါပေ့

ကျော်စိုး (ကျိုက်မရော)

မြန်မာနိုင်ငံတွင် လုံးဝမကြုံဖူးသော **“နာဂစ်”** ဆိုင်ကလုန်းမုန်တိုင်း လေဘေးဒဏ်ကို ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ ဒေသအချို့မှ ပြည်သူများ ခါးသီးပြင်းထန်စွာ ခံစားလိုက်ကြရသည်။

ယင်းလေဘေးဒဏ် ခံစားကြရသော ပြည်သူများအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်မီ ဆောင်ရွက်နိုင်ရန် မုန်တိုင်းတိုက်နေစဉ်ကာလအတွင်းမှာပင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် ဦးဆောင်သော အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီအစည်းအဝေးကို ချက်ချင်း ခေါ်ယူကျင်းပခဲ့ပါသည်။ ၎င်းနောက် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် ၂၀၀၈ခုနှစ် မေလ ၃ရက်နေ့မှာပင် တာဝန်ကျရာနယ်မြေအလိုက် အခြေချသွားရောက်ခဲ့ကြသည်။ တာဝန်ကျရာ နယ်မြေအလိုက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြသည်။

လေဘေးဒဏ်ခံစားခဲ့ကြရသော ပြည်သူတို့အား ဆန်၊ ဆီ၊ ဆား အပါအဝင် မီးဖိုချောင်သုံးစားသောက်ဖွယ်ရာများ၊ ဟင်းသီးဟင်းရွက်များ၊ ရေသန့်၊ အဝတ်အထည်များနှင့် အိမ်သုံးပစ္စည်းများ စသော ကယ်ဆယ်ရေး ပစ္စည်းများကို နိုင်ငံတော်အစိုးရနှင့်အတူ ပြည်နယ်၊ တိုင်းအသီးသီးမှ ပြည်သူများ၊ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၊ တပ်မတော်သားများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဘာသာရေးအသင်း အဖွဲ့အစည်းများ အားလုံး လူနှင့်လူချင်း စာနာသော စေတနာ၊ မေတ္တာတရားတို့ဖြင့် အင်တိုက်အားတိုက် ရက်ရောစွာ ပါဝင်ကူညီ လှူဒါန်းလျက်ရှိကြသည်။

ယင်းအပြင် လူပုဂ္ဂိုလ်တစ်ဦးချင်းအလိုက်၊ လေဘေးသင့်ပြည်သူများကို ကိုယ်တိုင်ကိုယ်ကျ တိုက်ရိုက်လက်ရောက်လှူဒါန်းကြသူများနှင့် လုပ်အားဒါနအဖြစ် ကယ်ဆယ်ရေးပစ္စည်းများအား ထမ်းပိုးသယ်ယူပို့ဆောင်နေကြသော ဂီတ၊ ရုပ်ရှင်နယ်ပယ်များမှ အနုပညာရှင်များ၊ အားကစားမောင်မယ်များ၊ ကြက်ခြေနီအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြည်း၊ ရေ၊ လေ တပ်မတော်သားများ၏ စေတနာ၊ မေတ္တာတရားတို့ကလည်း မြင်ရ၊ ကြားရသူတိုင်းက မုဒိတာတရားဖြင့် ကြည်နူးစွာ သာဓုအနုမောဒနာ အကြိမ်ကြိမ်ခေါ်လျက်ရှိသည်။ ထို့အတူပင် ပြည်နယ်၊ တိုင်းအသီးသီးတို့မှ ကျန်းမာရေးဝန်ထမ်း ပါရဂူများ၊ သမားတော်ကြီးများ၊ ဆရာဝန်များနှင့် သူနာပြုဆရာမများကလည်း ကရုဏာတရားကြီးမားစွာဖြင့် လေဘေးသင့် ပြည်သူများရှိရာ ကျေးလက်ဒေသများသို့ သွားရောက်ကြပြီး ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိကြသည်။ ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရများ၊ နိုင်ငံတကာမှ NGO အဖွဲ့အစည်းများကလည်း လူသားချင်းစာနာ ထောက်ထားသော မေတ္တာတရားဖြင့် ကယ်ဆယ်ရေးပစ္စည်းများနှင့် ဆေးဝါးပစ္စည်းများအပါအဝင် ပြန်လည်ထူထောင်ရေးဆိုင်ရာ ပစ္စည်းများကို နေ့စဉ်နှင့်အမျှ ပေးပို့ထောက်ပံ့ကူညီလျက်ရှိသည့်အပြင် ကယ်ဆယ်ရေးလုပ်ငန်း ကျွမ်းကျင်သူများ၊ ဆရာဝန်များကိုလည်း စေလွှတ်ကူညီပေးလျက်ရှိသည်။

ဤသို့အားဖြင့် လေဘေးသင့်ပြည်သူတို့၏ စားဝတ်နေရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများကို ညီညွတ်စွာ၊ ရင်းနှီးတက်ကြွစွာ ဝိုင်းဝန်းကူညီထောက်ပံ့လျက်ရှိသည်။ သို့သော်လည်း ပြည်တွင်း ပြည်ပရှိ အဆိုးမြင်ဝါဒီများက နိုင်ငံတော်အစိုးရအား လေဘေးသင့်ပြည်သူများနှင့် ပတ်သက်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများကို ထိရောက်စွာ စေတနာဖြင့် ဆောင်ရွက်ခြင်းမရှိသဖြင့် လေဘေးသင့်ပြည်သူများတွင် စားဝတ်နေရေး၊ မပြည့်စုံမှု၊ ကူးစက်ရောဂါပြန့်ပွားမှုတို့ကို နေ့စဉ်နှင့်အမျှ ခံစားနေရသည်ဟု လုပ်ကြံပုတ်ခတ်ပြီး နိုင်ငံရေးအရ အမြတ်ထုတ်နိုင်ရန် ကြိုးပမ်းလျက်ရှိကြသည်။

တစ်ဆက်တည်းမှာပင် မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတကာက ပေးပို့သော အကူအညီများအား ကန့်သတ်ပြီးလက်ခံနေခြင်း၊ ပိတ်ပင်နေခြင်း၊ နိုင်ငံတကာမှ ကယ်ဆယ်ရေးလုပ်ငန်း ကျွမ်းကျင်သူများကို မြန်မာနိုင်ငံအတွင်း အဝင်မခံခြင်း၊ လေဘေးသင့် ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ လွတ်လပ်စွာကူညီထောက်ပံ့ခွင့်မပြုဘဲ တားဆီးနှောင့်ယှက်ခြင်း၊ လေဘေးသင့်ပြည်သူများအား နေရပ်သို့ အတင်းအဓမ္မ ပြန်လည်နှင်ထုတ်နေခြင်း စသော အမှန်ပကတိ အရှိတရားများနှင့်ဆန့်ကျင်သော လုပ်ကြံပုတ်ခတ်မှုများကိုလည်း ပြည်တွင်း ပြည်ပ ဆန့်ကျင်အုပ်စုများက ပြည်ပအသံလွှင့်ဌာနအချို့နှင့် ပူးပေါင်းပြီး လုပ်ကြံပုတ်ခတ် ထုတ်လွှင့်လျက်ရှိကြသည်။

ဤတွင် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်းရှိ လေဘေးသင့် ပြည်သူများထံ သွားရောက်ထောက်ပံ့ကူညီခဲ့သည့် လက်တွေ့ မျက်မြင်တွေ့ အတွေ့အကြုံတို့ကို ကိုးကားဖော်ပြခြင်းဖြင့် ပြည်တွင်း ပြည်ပ ဆန့်ကျင်အုပ်စုများ၏ လုပ်ကြံပုတ်ခတ်စွပ်စွဲမှုများနှင့် နှိုင်းယှဉ်ဆက်စပ်စဉ်းစားနိုင်သည်နှင့်အတူ အမှန်တရားကို ရှာဖွေတွေ့ရှိနိုင်မည်ဟု ယုံကြည်ပါသည်။

စင်စစ်၊ စာရေးသူသည် နိုင်ငံရေးသမားမဟုတ်သကဲ့သို့ နိုင်ငံတော်အစိုးရဝန်ထမ်းလည်း မဟုတ်ပါ။ လွတ်လပ်စွာ ကိုယ့်ဝမ်းကိုယ်ကျောင်းပြီး ကောင်းသောအသက်မွေးမြူမှုဖြင့် ဘဝကို ရပ်တည်ရှင်သန်နေသူတစ်ဦး ဖြစ်သကဲ့သို့ ဘာသာရေးလုပ်ငန်းကို ယုံကြည်သက်ဝင်စွာ ဆောင်ရွက်နေသူဖြစ်ပါသည်။ စာရေးသူကိုယ်တိုင် ပါဝင်ဆောင်ရွက်နေသော **“နာဂစ်”** ဆိုင်ကလုန်းမုန်တိုင်း လေဘေးသင့်ဒုက္ခသည်များ ပံ့ပိုးမှုကော်မတီကို အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး လေးဖွဲ့မှ ကြီးကြပ်၍ လုပ်ငန်းရှင်များ ပါဝင်ခြင်းဖြင့် လူမျိုး၊ ဘာသာမရွေး လေဘေးသင့်သူများအား ပံ့ပိုးကူညီရန် ၂၀၀၈ခုနှစ် မေလ ၈ရက်တွင် ဖွဲ့စည်းခဲ့ပါသည်။ အဆိုပါကော်မတီကို ၂၀၀၇ခုနှစ် ကုရ်ဘာနီ ကြီးကြပ်ရေးဗဟိုကော်မတီမှ လေဘေးသင့် ပြည်သူများအား ထောက်ပံ့ရန် ကျပ်သိန်းတစ်ထောင်နှင့် နိုင်ငံတော်သို့ ကျပ်သိန်း ၅၀လှူဒါန်းရန် မတည်ငွေအဖြစ် လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

စာရေးသူအပါအဝင် **“နာဂစ်”** ဆိုင်ကလုန်းမုန်တိုင်း လေဘေးသင့် ဒုက္ခသည်များ ပံ့ပိုးမှုကော်မတီက ထပ်မံပြီး စေတနာရှင်ပြည်သူများထံမှ ကောက်ခံရရှိငွေများ အပါအဝင် စုစုပေါင်းကျပ်သိန်း ၃၀၀၀ ကျော်ရရှိခဲ့ရာ လောလောဆယ် ဧရာဝတီတိုင်း လေဘေးသင့်ခုနစ်မြို့နယ်သို့ သွားရောက်၍ ဆန်၊ ဆီ၊ အဝတ်အထည်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုရန် လှူဒါန်းငွေအပါအဝင် ကျပ်သိန်း ၂၀၀၀ ခန့်ကို စာရေးသူတို့ကိုယ်တိုင် လေဘေးသင့် ပြည်သူများအား တိုက်ရိုက်လက်ရောက် ထောက်ပံ့ကူညီ လှူဒါန်းခဲ့ပြီး ဖြစ်ပါသည်။

ယင်းနောက် ရန်ကုန်တိုင်းတွင် ရေသန့်စက်ငါးလုံး လှူဒါန်းရာတွင် လောလောဆယ် ဒလမြို့နယ် နှစ်နေရာ၊ ဆိပ်ကြီးခနောင်တို တစ်နေရာ၊ ကွမ်းခြံကုန်းမြို့နယ်နှင့် ခရမ်းမြို့နယ် တစ်နေရာတို့တွင် အသုံးပြုရန် သတ်မှတ်ပြီး ကျန်ရေသန့်စက်တစ်လုံးအား နေရာဒေသ သတ်မှတ်ပြီး လှူဒါန်းနိုင်ရန် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းနှင့် ညှိနှိုင်းလျက် သင့်လျော်မည့် မြို့နယ်နှင့် နေရာဒေသတို့ကို လေ့လာလျက်ရှိပါသည်။

ဆိုရလျှင် စာရေးသူတို့ ကော်မတီက လေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ထောက်ပံ့ကူညီ လှူဒါန်းရာတွင် မည်သည့်ဟန့်တားနှောင့်ယှက်မှု၊ ကန့်သတ်မှုမျှ မရှိခဲ့ဘဲ လွတ်လပ်အေးချမ်းစွာ လှူဒါန်းနိုင်ခဲ့သည်။ စာရေးသူတို့ ရောက်ရှိခဲ့သော လေဘေးသင့် မြို့နယ်၊ ကျေးလက်ဒေသများတွင် စာသင်ကျောင်း၊ ဆေးရုံ ဆေးပေးခန်း၊ ဈေးနှင့် ရုံးအဆောက်အအုံများအပါအဝင် အိုးအိမ် အဆောက်အအုံများကိုလည်း ပြန်လည် ပြုပြင်တည်ဆောက် ထူထောင်လျက်ရှိသည်ကို တွေ့ကြုံရပါသည်။ တောင်သူလယ်သမားများက လယ်ထွန်စက်များ၊ ကျွဲနွားများဖြင့် လယ်ယာလုပ်ငန်းခွင်သို့ ဝင်ရန် ပြင်ဆင်လျက်ရှိပြီး ရေလုပ်သားများကလည်း လှေများ၊ ငါးဖမ်းပိုက်များဖြင့် လုပ်ငန်းခွင်သို့ ဝင်နိုင်ရန် စီစဉ်လျက်ရှိသည်ကို တွေ့မြင်ခဲ့ရပါသည်။

အလားတူပင် လေဘေးသင့်ပြည်သူတို့ကို နေရင်းရပ်ရွာဒေသများတွင် နေထိုင်လုပ်ကိုင်နိုင်မည့် အခြေအနေများရှိမှသာလျှင် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများက ယင်းတို့၏ နေရင်းရပ်ရွာဒေသများသို့ ရွှေ့ပြောင်းပေးနေသည်ကိုလည်း မြင်ခဲ့၊ တွေ့ခဲ့ရပြီး အတင်းအဓမ္မပြောင်းရွှေ့ခိုင်းခြင်းမရှိဘဲ လေဘေးသင့်ပြည်သူတို့၏ ဆန္ဒအရ ပြောင်းရွှေ့စေခဲ့သည်တို့ကိုလည်း လေ့လာတွေ့ရှိခဲ့ရပါသည်။

အထူးသဖြင့် လေဘေးသင့်ပြည်သူတို့ကို ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ကူညီလှူဒါန်းရာတွင် သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများနှင့် ဒေသအာဏာပိုင်အဖွဲ့အစည်းများက အလှူရှင်အဖွဲ့အစည်း ပုဂ္ဂိုလ်များ၏ ဆန္ဒဖြင့် လွတ်လပ်စွာလှူဒါန်းနိုင်ရန် လိုအပ်သော အကူအညီများကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်ကို ကိုယ်တွေ့မျက်မြင် ခံစား နားလည်ခဲ့ရပါသည်။

သို့ရာတွင် လေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ ပေးကမ်းလှူဒါန်းရာတွင် အချို့သော လူပုဂ္ဂိုလ်များက မော်တော်ယာဉ်များပေါ်မှ စားသောက်ဖွယ်ရာများကို ပစ်ချပြီး ပေးခြင်းတို့မှာ နိုင်ငံနှင့် လူမျိုး၏ ဂုဏ်သိက္ခာအရ မသင့်လျော်သော အပြုအမူမျိုးဖြစ်ရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ယင်းအပြုအမူမျိုး မပြုလုပ်ရန်၊ စနစ်တကျ လှူဒါန်းရန် ရှင်းလင်းတားမြစ်နေရသည်ကိုလည်း မြင်ခဲ့၊ တွေ့ခဲ့ရပါသည်။ ယင်းအခြေအနေကို မလေ့လာ၊ မသိရှိဘဲ လေဘေးသင့်ပြည်သူများကို ကယ်ဆယ်ရေးပစ္စည်းများ လှူဒါန်းရာတွင် လွတ်လပ်မှုမရှိ၊ နှောင့်ယှက်ဟန့်တားပိတ်ပင်နေသည်ဟု ပုတ်ခတ်စွပ်စွဲမှုမျိုး မပြုလုပ်သင့်ပေ။

ဤတွင် နိုင်ငံတကာ ကူညီထောက်ပံ့မှုများကို မြန်မာနိုင်ငံအစိုးရက ကန့်သတ်ခြင်း၊ ပိတ်ပင်ခြင်းဟူသော စွပ်စွဲပုတ်ခတ်မှုများကိုလည်း အသိတရားဖြင့် ဆင်ခြင်စဉ်းစားပြီး ရှောင်ကြဉ်သင့်သည်။ ယင်းစွပ်စွဲချက်သည် နိုင်ငံတော်အစိုးရက လေဘေးသင့် ပြည်သူများအတွက် နိုင်ငံတကာ အကူအညီထောက်ပံ့မှုကို လက်မခံဘဲ ပစ်ပယ်ထားသော၊ ညှဉ်းဆဲနေသော အစိုးရအဖြစ် ပုံဖော်ပြီး မြန်မာနိုင်ငံအပေါ် နိုင်ငံတကာပြည်သူများက အထင်လွဲမှားအောင်၊ သဒ္ဓါတရား ယုတ်လျော့အောင် ပြုလုပ်ရာရောက်ပါသည်။

စင်စစ်၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာအကူအညီများအား လက်ခံရာတွင် နှောင့်ကြိုးပါနိုင်သော၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေကို ကျူးကျော်ထိပါးလာနိုင်သော နိုင်ငံတကာ အကူအညီမျိုးကို လက်မခံခြင်းသာ ဖြစ်သည်။ စစ်သင်္ဘောများ၊ စစ်လေယာဉ်များဖြင့် မြန်မာ့မြေပေါ်သို့ ရောက်ရှိလာမည့် နိုင်ငံတကာ အကူအညီမျိုးသည် ရိုးသားမှုရှိ၊ မရှိဆိုသည်မှာ စဉ်းစားဖွယ်ရာပင် ဖြစ်သည်။ ထို့ကြောင့်လည်း အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်က စစ်သင်္ဘော၊ စစ်လေယာဉ်တို့ဖြင့် သယ်ဆောင်လာသော နိုင်ငံတကာအကူအညီများမှလွဲ၍ မည်သည့်နိုင်ငံကမဆို ကူညီထောက်ပံ့သည့် နိုင်ငံတကာ အကူအညီများအား မြန်မာနိုင်ငံမှ ဝမ်းမြောက်ကျေးဇူးတင်စွာ လက်ခံလျက်ရှိကြောင်း ပွင့်ပွင့်လင်းလင်း ရိုးရှင်းစွာ ထုတ်ဖော်ပြောဆိုပြီး ဖြစ်သည်။

တစ်ဆက်တည်းမှာပင် အသက်မဆုံးရှုံးသော လေဘေးသင့် ပြည်သူများနှင့် လေဘေးသင့်ပြီး အသက်ဆုံးရှုံးရသော ပြည်သူများအား ရည်စူးလျက် ကိုးကွယ်ရာ ဘာသာအလိုက် မေတ္တာပို့ ဝတ်ပြုဆုတောင်းပွဲများအား ၂၀၀၈ခုနှစ် မေလ ၁၄ရက်တွင် ကျင်းပခဲ့ရာ ဗုဒ္ဓဘာသာဝင်များ၏ မေတ္တာပို့ဆုတောင်းပွဲ အခမ်းအနားကို နံနက် ၁၀း၀၀နာရီတွင် ကမ္ဘာအေးကုန်းမြေ၌ လည်းကောင်း၊ ခရစ်ယာန်ဘာသာဝင်များ၏ ဝတ်ပြုဆုတောင်းပွဲအခမ်းအနားကို နံနက် ၁၁း၀၀နာရီတွင် ပန်းဘဲတန်းမြို့နယ် ရွှေတိဂုံဘုရားလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်ရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်း၌ လည်းကောင်း၊ အစ္စလာမ်ဘာသာဝင်များ၏ စုပေါင်းဝတ်ပြုဆုတောင်းပွဲ အခမ်းအနားကို မွန်းလွဲ ၁း၁၅နာရီတွင် ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်လမ်းရှိ ကျူလီယာဂျာမေဗလီ၌ လည်းကောင်း၊ ဟိန္ဒူဘာသာဝင်များ၏ ဆုတောင်းပွဲအခမ်းအနားကို မွန်းလွဲ ၂း၀၀နာရီတွင် ဗိုလ်အောင်ကျော်လမ်းရှိ ဟိန္ဒူဘုရားကျောင်း၌ လည်းကောင်း အသီးသီး ကျင်းပခဲ့ခြင်းဖြင့် လေဘေးသင့်ပြည်သူများအား ဘာသာပေါင်းစုံတို့၏ မေတ္တာတရားတို့က လွှမ်းခြုံစေလျက်ရှိသည်။ ယင်းဆုတောင်းပွဲ အခမ်းအနားများသို့ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် ကိုယ်တိုင် တက်ရောက်ပြီး မေတ္တာပို့ ဝတ်ပြုဆုတောင်းခဲ့သည်တို့မှာ နိုင်ငံတော်အစိုးရအနေဖြင့် လေဘေးသင့် ပြည်သူများအပေါ် မည်မျှ စာနာထောက်ထားပြီး မေတ္တာ၊ စေတနာတရား ကြီးမားသည်ကို လေ့လာဆင်ခြင်ဖွယ်ဖြစ်ပါသည်။

ယင်းအပြင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးတို့ ကိုယ်တိုင် လေဘေးသင့်ပြည်သူတို့ ရှိရာ မြို့နယ်၊ ကျေးလက်ဒေသများနှင့် ကယ်ဆယ်ရေးစခန်းများသို့ သွားရောက် ကြည့်ရှုအားပေးခြင်းနှင့်အတူ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လမ်းညွှန်ချမှတ် ကြီးကြပ်ဖြည့်ဆည်းဆောင်ရွက်ခဲ့သည်တို့မှာလည်း နိုင်ငံတော်အစိုးရ၏ အပြောမဟုတ်၊ အလုပ်နှင့် ဖော်ဆောင်သော စေတနာ၊ မေတ္တာတရား ကြီးမားနက်ရှိုင်းမှုကို အလေးဂရုပြုရမည် ဖြစ်သည်။

ချုပ်၍ ဆိုရလျှင် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့မှ လေဘေးသင့် ပြည်သူများအနေဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ လူမျိုး၊ ဘာသာမရွေး တိုင်းရင်းသားပြည်သူတို့၏ မေတ္တာ၊ စေတနာအရင်းခံတရားတို့ဖြင့် လည်းကောင်း၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရများအပါအဝင် လူမျိုး၊ ဘာသာမရွေး နိုင်ငံတကာပြည်သူတို့၏ လူသားချင်းစာနာထောက်ထားမှု ဟူသော မေတ္တာတရားတို့ဖြင့် လည်းကောင်း၊ စားဝတ်နေမှုနှင့် ကျန်းမာရေး စောင့်ရှောက်မှုများ အပြည့်အဝ လုံခြုံစွာရရှိနေသကဲ့သို့ မိမိတို့၏ လူမှုစီးပွားဘဝ ပြန်လည်ရှင်သန် ဖွံ့ဖြိုးလာစေရေးအတွက် အနာဂတ်ခရီး ဆက်နိုင်ရန် ပြန်လည်ထူထောင်ရေးလုပ်ငန်းတို့ဖြင့် အားယူလျက်ရှိရာ မြန်မာနိုင်ငံမှ လေဘေးသင့်ပြည်သူများ၏ ဘဝကို “မေတ္တာခြုံလုံ့ပါပေ့” ဟူသော မြန်မာမှုဆိုရိုးစကားဖြင့် ကိုးကားရည်ညွှန်းလိုက်ရပါသည်။ ။

လေဘေးသင့်ပြည်သူတို့ကို ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ကူညီလှူဒါန်းရာတွင် သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းများနှင့် ဒေသအာဏာပိုင် အဖွဲ့အစည်းများက အလှူရှင်အဖွဲ့အစည်း ပုဂ္ဂိုလ်များ၏ဆန္ဒဖြင့်လွတ်လပ်စွာ လှူဒါန်းနိုင်ရန် လိုအပ်သောအကူအညီများကို အတတ်နိုင်ဆုံး ဖြည့်ဆည်း ဆောင်ရွက်ပေးကြသည်ကို ကိုယ်တွေ့မျက်မြင် ခံစားနားလည်ခဲ့ရ။

သုံးပွင့်ဆိုင်ဖဟိုအဖွဲ့က ကမကထပြုသည့် နာဂစ်မုန်တိုင်းဒဏ်သင့်ဒေသများသို့ ကွင်းဆင်း ဆေးအကာအကွယ်ပေးကုသခဲ့သည့် ဆေးကုသရေးအဖွဲ့များ၏ အကြံပြုချက်များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇွန် ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ အာဆီယံနှင့် ကုလသမဂ္ဂတို့ ပူးပေါင်းပါဝင်ဖွဲ့စည်းထားသည့် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့က ကမကထပြုသည့် နာဂစ်မုန်တိုင်းဒဏ်သင့်ဒေသများသို့ ကွင်းဆင်း ဆေးအကာအကွယ်ပေးကုသခဲ့သည့် ဆေးကုသရေးအဖွဲ့များ၏ အကြံပြုချက်များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Tripartite Core Group Workshop on Medical Missions Feed -Back) ကို ယနေ့နံနက်၉နာရီတွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ ချတ်ထရီယံဟိုတယ် Grand Ballroom ၌ ကျင်းပရာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဝင် ကျန်းမာရေးဆပ်ကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

သုံးပွင့်ဆိုင်ဗဟိုအဖွဲ့က ကမကထပြုသည့် နာဂစ်မုန်တိုင်းဒဏ်သင့်ဒေသများသို့ ကွင်းဆင်း ဆေးအကာအကွယ်ပေးကုသခဲ့သည့် ဆေးကုသရေးအဖွဲ့များ၏ အကြံပြုချက်များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ နတ်မောက်လမ်းရှိ ချတ်ထရီယံဟိုတယ်၌ ကျင်းပစဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူ၊ ကျန်းမာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ သုံးပွင့်ဆိုင် ဗဟိုအဖွဲ့ အဖွဲ့ဝင် အာဆီယံ ကိုယ်စားလှယ် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Robert H.K Chua နှင့် သံအမတ်ကြီးများ၊ ကုလသမဂ္ဂ အိုင်အေအက်စ်စီ လူသားချင်း စာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူး Prof. Adik Wibowo၊ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ နာဂစ်မုန်တိုင်းအပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် မြန်မာနိုင်ငံသို့ လာရောက်ကြသော အင်ဒိုနီးရှား၊ လာအို၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ထိုင်း၊ဗီယက်နမ်၊ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ ဆေးကုသရေးအဖွဲ့များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ကွင်းဆင်းဆေးကုသရေးအဖွဲ့ဝင် မြန်မာကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ အဖွဲ့ဝင် အာဆီယံနိုင်ငံများ ကိုယ်စားလှယ် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr.Robert H.K Chua နှင့် ကုလသမဂ္ဂ အိုင်အေအက်စ်စီ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူး Prof. Adik Wibowo တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

အထူးကုဆေးရုံကြီးများ

ထို့နောက် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင်ကျန်းမာရေးဆပ်ကော်မတီဥက္ကဋ္ဌ ကျန်းမာရေး ဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၀၅ ခုနှစ်က နိုင်ငံတော်ဝန်ကြီးချုပ် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းထားခဲ့ပြီးဖြစ်၍ ဆိုင်ကလုန်း နာဂစ်တိုက်ခတ်ပြီးနောက် မေ၄ရက်မှ စတင်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်မှုဖြင့် ကျန်းမာရေး ဆပ်ကော်မတီက အဖွဲ့များဖွဲ့ကာ မော်လမြိုင်ကျွန်း၊ ဖျာပုံ၊ ဘိုကလေးနှင့် လပွတ္တာမြို့နယ်များသို့ သွားရောက်ပြီး လေဘေးသင့်ပြည်သူများအား အရေးပေါ် ကုသပြုစုစောင့်ရှောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ အရေးပေါ်လွှဲပို့ရန်လိုအပ်သော လူနာများအား ရန်ကုန်မြို့ရှိ အထူးကုဆေးရုံကြီးများသို့ ရဟတ်ယာဉ်များဖြင့် သယ်ဆောင်လွှဲပို့ ကုသပေးခဲ့ကြောင်း။

ယင်းအချိန်မှစတင်၍ ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့် ပြည်သူများအတွက် ဆေးဝါးကုသ ပြုစုစောင့်ရှောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ရန် အထူးကုဆရာဝန်ကြီးများ၊ လက်ထောက်ဆရာဝန်များနှင့် သူနာပြုများ ပါဝင်သော အရေးပေါ်ဆေးကုသမှုအဖွဲ့ ခုနစ်ဖွဲ့ကို ဖွဲ့စည်း၍ ပျက်စီးထိခိုက်မှု ပိုမိုများပြားသော ဘိုကလေး၊ လပွတ္တာ၊ မော်လမြိုင်ကျွန်း၊ ဝါးခယ်မ၊ မအူပင်နှင့် မြောင်းမြမြို့နယ်များသို့ အထူးကုဆေးအဖွဲ့များအဖြစ် စေလွှတ်ခဲ့ရာ ယခုအခါ အဖွဲ့ပေါင်း ငါးသုတ်၊ စုစုပေါင်း ၆၁၆ဦးအား စေလွှတ်ခဲ့ပြီး အလုပ်သင်ဆရာဝန် ၂၀၁ဦးကိုလည်း စေလွှတ်နိုင်ခဲ့ကြောင်း။

အရေးပေါ်ဆေးခန်း

ကျန်းမာရေး ဝန်ကြီးဌာနမှ အရေးပေါ်ရှေ့တန်းစခန်း၁၂ခုဖြစ်သည့် ပြင်ခရိုင်၊ သဃ်န်းကြီး၊ စလူဆိပ်၊ သိပ္ပံကုန်းကြီး၊ ပြင်စလူ၊ လှိုင်းဘုန်း၊ ပိုးလောင်း၊ ကွင်းပေါက်၊ ကြိမ်ချောင်း၊ ကျုံဒါ၊ စက်ဆန်း၊ ကဒုံကနီ၊ အလယ်တန်းစခန်းခြောက်ခုဖြစ်သည့်ဟိုင်းကြီး၊ လပွတ္တာ၊မော်လမြိုင်ကျွန်း၊ဘိုကလေး၊ ဖျာပုံနှင့် ဒေးဒရဲမြို့နယ်များ၊ နောက်တန်းစခန်းသုံးခုဖြစ်သည့် မြောင်းမြ၊ ဝါးခယ်မနှင့် မအူပင်မြို့နယ်များတွင် အရေးပေါ်ဆေးခန်းများ ဖွင့်လှစ်ခဲ့ပြီး ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း။

လေဘေးသင့် ဒေသများတွင် ပြည်သူ့ကျန်းမာရေးဌာနနှင့် ရောဂါနှိမ်နင်းရေးဆိုင်ရာ ကျွမ်းကျင်သူများအား တစ်သုတ်လျှင် ဦးရေ ၃၀ဖြင့် သုံးသုတ် စေလွှတ်နိုင်ခဲ့ပြီး ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အထူးပြုဆောင်ရွက်စေခဲ့ရာ ငါးနှစ်အောက် ကလေးများအား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်း၊ အသက်၁၅နှစ်အောက်ကလေးများအား ဝက်သက်ကာကွယ်ဆေးများ ထိုးပေးခြင်း၊ ဗီတာမင်အေဆေး တိုက်ကျွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး မြှင့်တင်ရေးလုပ်ငန်းများ စသည်တို့ကိုလည်း ဆောင်ရွက်ခဲ့ကြောင်း၊စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးမြှင့်တင် ဆောင်ရွက်ရေးအတွက် စိတ်ရောဂါအထူးကုဆရာဝန် လေးဦးစီပါဝင်သော အဖွဲ့ခြောက်ဖွဲ့တို့က မြောင်းမြမြို့တွင် အခြေစိုက်ပြီး ဆောင်ရွက်ခဲ့ကြောင်း။

စိတ်ပိုင်းဆိုင်ရာ

အထူးကုဆရာဝန်များ၊လက်ထောက်ဆရာဝန်များ၊ အမျိုးသားသူနာပြုများပါဝင်သော အမျိုးသားဆေးကုအဖွဲ့များသည် သင်္ဘောရေယာဉ်လေးစင်းဖြင့် ဘိုကလေး၊ လပွတ္တာ၊ ဖျာပုံနှင့် မော်လမြိုင်ကျွန်း မြို့နယ်များသို့ သွားရောက်ကာ အခြေပြုလျက် မြစ်ကြောင်းတစ်လျှောက် ကျေးရွာများသို့ ကွင်းဆင်း၍ ဆေးကုသစောင့်ရှောက်မှုများ ပေးခဲ့ကြောင်း၊ လက်ရှိအချိန်အထိ ဆရာဝန်၊ သူနာပြု စုစုပေါင်း ၁၂၉ ဦးပါဝင်သော အဖွဲ့ခုနစ်ဖွဲ့သည် ယင်းမြို့နယ်များရှိ လေဘေးသင့်ပြည်သူများအား ဆေးကုသရေး၊ ကာကွယ်ရေး၊ စိတ်ပိုင်းဆိုင်ရာ မြှင့်တင်ရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အလားတူ တိုင်းရင်းဆေးကုသပညာရှင်များသည် မေ ၆ ရက်မှ စတင်၍ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိုင်းရင်းဆေးဖြင့် ကုသရေးကိုဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဇွန် ၁၁ရက်မှ စတင်၍ သင်္ဘောဖြင့် တိုင်းရင်းဆေးပညာရှင်များက လေဘေးသင့် ပြည်သူများအား တိုင်းရင်းဆေးဖြင့် ပြုစု ကုသခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဂုဏ်ယူမှတ်တမ်းတင်

မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်း၊ မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့က လေဘေးသင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများပေးရာတွင် ပူးပေါင်းပါဝင်မှုကိုလည်းကောင်း၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ပါဝင် ကူညီမှုကို လည်းကောင်း၊ ပုဂ္ဂလိက ဆေးခန်းများ ဖြစ်သည့် အာရှတော်ဝင်၊ ပန်းလှိုင်နှင့် ပင်လုံ အထူးကုဆေးခန်းတို့မှဆေးအဖွဲ့များ၏ ပါဝင်ကူညီမှုကိုလည်းကောင်း ကျေးဇူးတင်ပါကြောင်းနှင့်ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ တပ်မတော်ဆေးအဖွဲ့များ၏ ဆောင်ရွက်မှုများ အတွက်လည်း များစွာ ဂုဏ်ယူမှတ်တမ်းတင်ပါကြောင်း။

မေ ၆ ရက်မှစတင်၍ကွမ်းခြံကုန်း၊ ကော့မှူး၊ တွံတေးနှင့် ကျောက်တန်း မြို့နယ်များသို့ အထူးကုဆေးအဖွဲ့များစေလွှတ်၍ ဆောင်ရွက်လျက်ရှိရာ ဗဟိုအဆင့် ဆေးရုံကြီးများ၊ ဆေးတက္ကသိုလ်များ၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)နှင့် စေတနာရှင် အသင်းအဖွဲ့များကလည်း နေ့ချင်းပြန်ဆေးကုသမှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနက ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

များစွာကျေးဇူးတင်

အာဆီယံနှင့် နိုင်ငံတကာ ကျန်းမာရေးအဖွဲ့များ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် ပါဝင်ကူညီမှုအတွက် များစွာကျေးဇူးတင်ရှိကြောင်း၊ ယခုကဲ့သို့ ကျန်းမာရေးအဖွဲ့များ လာရောက်ခြင်းမှာ အာဆီယံနှင့် နိုင်ငံတကာ-မြန်မာ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ပေးခြင်း၊ ကျန်းမာရေးအဖွဲ့များ၏ ဆေးကုသပေးမှုသည် ကျန်းမာရေးဝန်ကြီးဌာန၏ ဆောင်ရွက်မှုကို များစွာ အားပေးကူညီခြင်း၊ ညီရင်းအစ်ကို စိတ်ဓာတ်နှင့် ချစ်ကြည်ရင်းနှီးမှုကို တည်တံ့ခိုင်မြဲစေခြင်း၊ နိုင်ငံအချင်းချင်း ရင်းနှီးကျွမ်းဝင် နားလည်ယုံကြည်မှုများ ရရှိစေခြင်း၊နိုင်ငံအချင်းချင်းဗဟုသုတ အတွေ့အကြုံများ ဖလှယ်နိုင်ခြင်းနှင့် နောင်လာရောက်မည့် နိုင်ငံတကာ ကျန်းမာရေး အဖွဲ့များ အတွက် အကောင်းဆုံး ကြိုတင် ပြင်ဆင်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိကြောင်းဖြင့် ပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲကို ခေတ္တရပ်နားသည်။

ရှင်းလင်းပြောကြား

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို ပြန်လည်ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာနကျန်းမာရေးဦးစီးဌာနဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ညွှန့်စိန်က ဦးဆောင်၍ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဆေးကုသရေး အဖွဲ့ခေါင်းဆောင် ပါမောက္ခ Dr. Munir Lubis၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဆေးကုသရေး အဖွဲ့ခေါင်းဆောင် ပါမောက္ခ Dr. Vanlem Bouravong နှင့် စင်ကာပူသမ္မတနိုင်ငံ ဆေးကုသရေး အဖွဲ့ဒုတိယခေါင်းဆောင် Dr. Arif Tyebally တို့က လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် ပါမောက္ခ Adik Wibowo ဦးဆောင်၍ ထိုင်းနိုင်ငံ ဆေးကုသရေးအဖွဲ့ခေါင်းဆောင် ထိုင်းနိုင်ငံ ကြက်ခြေနီအသင်းမှ ကယ်ဆယ်ရေးဌာနအကြီးအကဲDr. Pitchit Siriwan၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဆေးကုသရေး အဖွဲ့ခေါင်းဆောင် Dr. Luong Ngoc Khue နှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ ဆေးကုသရေးအဖွဲ့ ခေါင်းဆောင် Dr.Arnel Rivera တို့က လည်းကောင်း၊ မုန်တိုင်းဒဏ်ခံရသော ဒေသများသို့ ကွင်းဆင်း ဆေးကုသခဲ့မှု အတွေ့အကြုံများကို ဗီဒီယိုဆလိုက်တို့ဖြင့် အသီးသီး ရှင်းလင်းပြောကြားကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားကာ အလုပ်ရုံဆွေးနွေးပွဲ နံနက်ပိုင်းအစီအစဉ်ကို ခေတ္တရပ်နားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲ၏ မွန်းလွဲပိုင်းအစီအစဉ်များကို မွန်းလွဲ ၂နာရီတွင် ပြန်လည် ကျင်းပရာ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ အဖွဲ့ဝင်ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha ဦးဆောင်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ သံမှူး Mr. Dai Yugae၊ ကိုရီးယား သမ္မတနိုင်ငံ Korea International Cooperation Agency (KOICA) မှ Mr.Kwang-Geoi Cho၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံရုံးမှ Mr. Mitsuji Suzuka နှင့် Dr. Seietsu Nyui နှင့်ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ကောင်စစ်ဝန် Mr. Mohamed Golam Mostafa တို့က မုန်တိုင်းဒဏ်ခံရသော ဒေသများသို့ ကွင်းဆင်း ဆေးကုသခဲ့မှု အတွေ့အကြုံများကို ဗီဒီယိုဆလိုက်တို့ဖြင့် အသီးသီး ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ Merlin အရေးပေါ်တုံ့ပြန်မှု ညွှန်ကြားရေးမှူး Mr. Yves-Kim Creach က အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးထောက်ပံ့မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ Dr.Richard Garfield က နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုမှ ရရှိသော အတွေ့အကြုံများကိုဦးဆောင်ဆွေးနွေးပြီး ညနေပိုင်းတွင် အလုပ်ရုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

ပေးအပ်လှူဒါန်း

အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပနေစဉ် ကျန်းမာရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိသည့် လေဘေးသင့်ဒေသနေ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဆေးဝါးများ လှူဒါန်းပွဲကို နံနက်၁၀နာရီ ၄၅မိနစ်တွင် အဆိုပါ ဟိုတယ်ရှိ ပဲခူး ခန်းမ၌ ကျင်းပရာ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင်ကျန်းမာရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်၊ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူ၊ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်ထံ Gati & Naresh Kumar of Vimpex Ltd. မှ Mr. Sanjeev Gupta က ငွေကျပ် ၂၃၉၃၇၃၉၆ တန်ဖိုးရှိ ဆေးဝါးများကို ပေးအပ်လှူဒါန်းသည်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့

၂၀၀၈ ခုနှစ်၊ ဇူလိုင်လ (၃) ရက်

MYANMAR WOMEN'S DAY

3 rd July 2008

မြန်မာ့အလင်း **အင်တာနက်ကျန်းမာရေး**

ခဝဲသီး ပုံမှန်စားလျှင် အစာအိမ်ရောဂါ ကာကွယ်နိုင်

ခဝဲသီးသည် ချိုသောအရသာရှိသည့်အပြင် အနည်းငယ်ဖန်သော အရသာလည်းရှိသည်။ အရည်ရွှမ်းသော အသီးမျိုးဖြစ်ပြီး ပူနွေးစွတ်စိုသော ရာသီဥတုတွင် ကောင်းစွာဖြစ်ထွန်းသည်။ အာရှနိုင်ငံများ၌ အထူးစားသုံးသော ဟင်းသီးဟင်းရွက်တစ်မျိုးလည်း ဖြစ်သည်။

ပါဝင်

ခဝဲသီးတွင် အမျှင်ဓာတ်၊ ကာဗိုဟိုက်ဒရိတ်နှင့် ဗီတာမင်ဓာတ်များစွာ ပါဝင်သည်။ ခဝဲသီးကို သီတင်းတစ်ပတ်လျှင် သုံးကြိမ်ခန့် ပုံမှန်စားသုံးသွားပါက အရေပြားတွင်ဖြစ်တတ်သော ရောဂါများနှင့် အစာအိမ်ရောဂါများ ကာကွယ်နိုင်ကြောင်း ကနေဒါ သုတေသနပညာရှင်များက ပြောကြားသည်။

သန့်စင်ပေး

ထို့အပြင် ခဝဲသီးတွင်ပါဝင်သော ဓာတ်ပေါင်းကြောင့် သွေးကလာပ်စည်းများ ပျက်စီးမှုကို ကာကွယ်နိုင်သည့်အပြင် ခန္ဓာကိုယ်အတွင်း အဆိပ်ဓာတ်များကိုလည်း သန့်စင်ပေးနိုင်ကြောင်း သိရသည်။

နည်းပါး

ခဝဲသီး ပုံမှန်စားသုံးသူ ၂၅၀၀ခန့်အား သုံးနှစ်ကြာ သုတေသနပြုလာခဲ့ရာ ၎င်းတို့အားလုံး အစာအိမ်နှင့် အရေပြားပေါ်တွင် ဖြစ်ပွားတတ်သော ရောဂါများဖြစ်ပွားသူ အလွန်နည်းပါးကြောင်း တွေ့ရှိရသည်ဟု ကနေဒါ သုတေသနပညာရှင်များက ပြောကြားသည်။



အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ရန်ကုန်တိုင်း တောင်ဒဂုံစက်မှုဇုန်(၁)ရှိ Soe Electric & Machinery Co.,Ltd. တွင် ကြည့်ရှုစစ်ဆေးစဉ်။ [အမှတ်(၂)လျှပ်စစ်]

အရည်အသွေးမြင့် ထရန်စဖော်မာများ ထုတ်လုပ် ပြုပြင်လျက်ရှိသည့်ဂျင်နရေတာ Rotor စနစ်တကျစစ်ဆေးတိုင်းတာ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ အမြန်ပြီးစီးရေး ကြိုးပမ်း

ရန်ကုန် ဇွန် ၂၃

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်း တောင်ဒဂုံစက်မှုဇုန်(၁)ရှိ Soe Electric & Machinery Co.,Ltd.သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဝန်ကြီးနှင့်အဖွဲ့အား ကုမ္ပဏီအမှုဆောင်ဒါရိုက်တာ ဦးကျော်မင်းထွန်းက နိုင်ငံတကာ အဆင့်မီ အရည်အသွေးပြည့်ဝသော ထရန်စဖော်မာ အရွယ်အစားအမျိုးမျိုး ထုတ်လုပ်မှုအခြေအနေနှင့် သာကေတသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေး စက်ရုံမှ အပ်နှံထားရှိသော ရေနွေးငွေ့တာဘိုင် ဂျင်နရေတာ Rotor အကြီးစားပြုပြင်မှုများနှင့် အဆင့်ဆင့် စစ်ဆေးစမ်းသပ်မှုများဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဓာတ်ငွေ့ရေနွေးငွေ့သုံးဓာတ်အားပေးစက်ရုံများဌာန အင်ဂျင်နီယာချုပ် ဦးသန်းလွင်က ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

မှာကြား

ရှင်းလင်းတင်ပြမှုများအပေါ် ဝန်ကြီးက အရည်အသွေးမြင့်မားသည့် လျှပ်စစ်သုံးပစ္စည်းများနှင့် ထရန်စဖော်မာများ ထုတ်လုပ်ဖြန့်ဖြူးပေးရေး အလေးထား ဆောင်ရွက်သွားရန်၊ ပြုပြင်လျက်ရှိသည့် ဂျင်နရေတာRotorကို စနစ်တကျ စစ်ဆေးတိုင်းတာစစ်ဆေးခြင်းများနှင့် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ အမြန်ဆုံး ပြီးစီးစေရေးအတွက် ကြိုးပမ်းဖော်ဆောင်သွားကြရန် မှာကြားသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ထုတ်လုပ်ပြီးသော အရည်အသွေးမြင့် ထရန်စဖော်မာအမျိုးမျိုးနှင့် စက်များ ကြံ့ခိုင်မှုစစ်ဆေး ဆောင်ရွက်ထားရှိမှု အခြေအနေ၊ နိုင်ငံတကာအဆင့်မီ အကြီးစားထရန်စဖော်မာများ ထုတ်လုပ်ရန် တွင်ခုံများရောက်ရှိမှု၊ ထရန်စဖော်မာများထုတ်လုပ်ရန် စက်ရုံအသစ် အဆောက်အအုံ ဆောက်လုပ်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မဟာသစ္စာအောင်မြေ သာသနာ့ဗိမာန် ပြုပြင်မွမ်းမံရေးလှူဒါန်းနိုင်

ရန်ကုန် ဇွန် ၂၃

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ရိပ်သာရပ်ကွက် မေဃဝတီ ကွက်သစ် သစ္စာမဏ္ဍိုင်လမ်း၊ ရွှေဘုန်းပွင့်ဘုရားလမ်းနှင့် ရှုစမ်းပါဘုရားလမ်း အနောက်ဘက် ထေရဝါဒ ဗုဒ္ဓသာသနာပြု ဇမ္ဗူထိန်လင်းကျောင်းတိုက် မဟာသစ္စာအောင်မြေ သာသနာ့ဗိမာန်တော်ကြီး လေဘေးဒဏ်ကြောင့် ပျက်စီးသွားပါသဖြင့် ဘက်စုံပြုပြင်မွမ်းမံမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသော အလှူရှင်များသည် အဆိုပါကျောင်းတိုက်သို့ဆက်သွယ်၍ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ဖိတ်ကြား နှိုးဆော်ထားသည်။

(က-ပ)

အမှတ် ၅၃ အုန်းပင်လမ်း ကြည့်မြင်တိုင်မြို့နယ်နေ ဦးဝင်းမောင်-ဒေါ်ချစ်ညွန့်၊ သား သမီး၊ မြေး ကောင်းပြည့်ဘုန်း မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေး ပဒေသာပင်နှင့် မျက်စိကုလေဆာစက်တို့အတွက် အလှူငွေကျပ် သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာတင်သိန်းလွင် (ဗိုလ်မှူးကြီး-ငြိမ်း) လက်ခံယူစဉ်။

(က-ပ)

သင့်သွေးဖြင့် အသက်ကယ်ပါ

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ဒေသများအတွက် ပညာ့မိခင်အစီအစဉ်နှင့် ထောက်ပံ့ပစ္စည်းများ လှူဒါန်း

ရန်ကုန် ဇွန် ၂၃

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အသင်းတည်ထောင်သူ အငြိမ်းစားပါမောက္ခ ဒေါ်ရီရီမြင့်၊ အတွင်းရေးမှူး ဒေါ်လှဝတီ၊ အလုပ်အမှုဆောင် ဒေါ်ခင်ဆွေမြင့်တို့ ဦးဆောင်သောအဖွဲ့သည် မော်လမြိုင်ကျွန်းမြို့နယ် လေဘေး ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး ကြီးကြပ်ပံ့ပိုးရေးကော်မတီ၏ ကူညီပံ့ပိုးမှုဖြင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မော်လမြိုင်ကျွန်းမြို့နယ် အသင်း(ဌာနေ)တို့၏ ပူးပေါင်းပါဝင်ကူညီမှုတို့နှင့်အတူ မော်လမြိုင်ကျွန်းမြို့နယ် ထီဆိပ်ဘုရားစုကျေးရွာနှင့် ရှောက်ချောင်းအုပ်စု ငွေဇင်ယော် ကျေးရွာရှိ ပျက်စီးသွားသော စာသင်ကျောင်းများအား ပြုပြင်ခြင်း၊ ယင်းကျေးရွာရှိ ကျောင်းမနေနိုင်သည့် မူလတန်းကျောင်းသား ၂၀တို့အတွက် ပညာ့မိခင် အစီအစဉ်အဖြစ် သူငယ်တန်းမှ စတုတ္ထတန်းအထိ ကျောင်းနေစရိတ် အလှူငွေနှင့် ကျေးရွာရှိ လေဘေးသင့်ပြည်သူများအတွက် စောင်၊ ခြင်ထောင်၊ ခေါင်းအုံး၊ ရေသန့်ဆေးပြား၊ ရေစစ်ပုံး၊ အဝတ်အထည်၊ စားသောက်ကုန်မျိုးစုံနှင့် ဆေးဝါးများကို ဖြန့်ဝေလှူဒါန်းခဲ့သည်။

ဖြန့်ဝေလှူဒါန်း

အလားတူ မော်လမြိုင်ကျွန်းမြို့ မြစ်တစ်ဖက်ကမ်းရှိ မြို့မ(၈) ရပ်ကွက် တုံးလုံချောင်းဒေသရှိ လေဘေးသင့်ပြည်သူများအတွက် ဆန်အိတ်၂၀နှင့် ငွေကျပ် ၈၄၀၀၀၀တန်ဖိုးရှိ လူသုံးကုန်ပစ္စည်းများ၊ ရေသန့်ဆေးပြား၊ စောင်၊ ခြင်ထောင်၊ ခေါင်းအုံး၊ ရေစစ်ပုံးနှင့် အခြားထောက်ပံ့ရေး ပစ္စည်းများကို လေဘေးသင့်ပြည်သူများလက်ဝယ်အရောက် ဖြန့်ဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

သုခစုစံ ပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီနှင့် စင်ကာပူနိုင်ငံ ITE လက်မှတ်ရ ပြည်ပအလုပ်အကိုင် သင်တန်းကျောင်းရှိ ဝန်ထမ်း မိသားစုများက ရန်ကုန်တိုင်း ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၏ သားသမီးများအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ စာရေးကိရိယာများလှူဒါန်းရာ သုခစုစံကုမ္ပဏီ ဝန်ထမ်းမိသားစုများကိုယ်စား ဒုတိယဗိုလ်မှူးကြီးသန်းတင့်(ငြိမ်း)က ရန်ကုန်တိုင်း ယာဉ်ထိန်းတပ်ဖွဲ့ ဒုတိယရဲမှူးကြီးအောင်နိုင်ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

အာဆီယံအမျိုးသားသီချင်း (ASEAN Anthem) ပြိုင်ပွဲဖိတ်ခေါ် ရွေးချယ်ခံရပါက ဆုငွေ အမေရိကန်ဒေါ်လာနှစ်သောင်း ချီးမြှင့်မည်

နေပြည်တော် ဇွန် ၂၃

၂၀၀၈ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည့် (၁၄)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးမတိုင်မီ အာဆီယံအမျိုးသားသီချင်းပြိုင်ပွဲတစ်ရပ်ကို ကျင်းပသွားမည်ဖြစ်ရာ အင်္ဂလိပ်ဘာသာဖြင့် စပ်ဆိုရမည်။ သီချင်းတစ်ပုဒ်လုံးသည် ကိုယ်ပိုင်သံစဉ်ဖြစ်ကြောင်း ဝန်ခံကတိပြုလွှာပါရမည်။ စာသားသည် အာဆီယံအမျိုးသားသီချင်း၏ ဂုဏ်ပုဒ်ကို ထင်ဟပ်စေရမည်။ အာဆီယံ၏ ပူးပေါင်းဆောင်ရွက်မှု၊ စည်းလုံးညီညွတ်မှုကို ဖော်ဆောင်ရမည်။ အာဆီယံ၏ ကျယ်ပြန့်သော ယဉ်ကျေးမှုနှင့် လူမျိုးကွဲပြားမှုတို့ကို ဖော်ဆောင်ရမည်။ သံစဉ်ကို မြန်မာသံစဉ်၊ နိုင်ငံတကာသံစဉ်၊ မြန်မာနှင့် နိုင်ငံတကာသံစဉ် အရော စသည်ဖြင့် နှစ်သက်ရာ စပ်ဆိုနိုင်သည်။ တစ်မိနစ်ထက်မကျော်စေရ။ သီချင်းကို စာသား၊ ဂီတ သင်္ကေတများပါရှိသော စာရွက်၊ တေးဆိုသံနှင့် တူရိယာပစ္စည်းဖြင့် တီးခတ်လျက်စီဒီ၌ သွင်းပြီးတင်ပြရမည်။(ပီယာနိုဖြင့်တီးခတ်ပါကပိုမိုလိုလားသည်) ၂၀၀၈ခုနှစ် ဇူလိုင် ၃၁ရက် နောက်ဆုံးထား၍ ပေးပို့ရမည်။

အကောင်းဆုံးတစ်ပုဒ်ရွေးချယ်မည်

ပေးပို့လာသော သီချင်းများကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန အာဆီယံ အမျိုးသားသီချင်း ရွေးချယ်ရေးကော်မတီက စိစစ်၍ အပုဒ်၂၀အထိ ပဏာမရွေးချယ်ပြီး ထိုင်းနိုင်ငံသို့ပေးပို့မည်။ ထိုင်းနိုင်ငံတွင် (အာဆီယံ+၃)မှ ထင်ရှားသည့် အနုပညာရှင်တစ်ဦးစီ ပါဝင်သော အာဆီယံ အမျိုးသားသီချင်းရွေးချယ်ရေးကော်မတီမှ အကောင်းဆုံး တစ်ပုဒ်ကို ရွေးချယ်မည်။

မူပိုင်သတ်မှတ်

ရွေးချယ်ခံရသော သီချင်းအား လိုအပ်ပါကပြင်ဆင်ခြင်း၊ တည်းဖြတ်ခြင်း ပြုလုပ်ပြီး ၄င်းသီချင်းကို အာဆီယံအမျိုးသားသီချင်းအဖြစ် မူပိုင်သတ်မှတ်ခံရမည်။ အဆိုပါ သီချင်းကို (၁၄)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေး၌ ထိုင်းနိုင်ငံသံစုံတီးဝိုင်း (Orchestra Version)အဖြစ် တာဝန်ယူ သီဆိုတီးမှုတ်သွားမည်ဖြစ်သည်။

ချီးမြှင့်မည်

အာဆီယံအမျိုးသားသီချင်းအဖြစ် ရွေးချယ်ခံရပါက ဆုငွေအမေရိကန်ဒေါ်လာ ၂၀၀၀၀(ဒေါ်လာနှစ်သောင်း) ချီးမြှင့်မည်။သို့ရာတွင် ပဏာမ၂၀ အတွင်း ရွေးချယ်ခံရရုံဖြင့် ဆုငွေ ချီးမြှင့်လိမ့်မည်မဟုတ်ပါ။

မေးမြန်းစုံစမ်းနိုင်

ပေးပို့ရန်လိပ်စာမှာ ဦးလှဆွေ(ညွှန်ကြားရေးမှူး၊ အသံလွှင့်)မြန်မာ့အသံ ပြည်လမ်း ရန်ကုန်မြို့ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဦးလှဆွေ(ညွှန်ကြားရေးမှူး၊ အသံလွှင့်) ဖုန်း- ၀၆၇-၇၉၄၇၅သို့ မေးမြန်း စုံစမ်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဘောလက်ဦးဆောင်သည့် ဂျာမနီအလယ်တန်းအင်အားတောင့်တင်းနေ တိုက်စစ်မှူး နီဟတ်မပါသည့် တူရကီတို့ ဂိုးသွင်းနိုင်ပါ့မလား

ဘန်း ဇွန် ၂၃

ယူရို ၂၀၀၈အကြိုဗိုလ်လုပွဲအဖြစ် ဂျာမနီနဲ့ တူရကီတို့ ဇွန် ၂၅ရက်မှာ ယှဉ်ပြိုင်ကစားကြတော့မှာဖြစ်ပါတယ်။ ယူရို ၂၀၀၈အကြို ဗိုလ်လုပွဲအဖြစ် တက်ရောက်လာတဲ့ ဒီနှစ်သင်းစလုံးဟာ ထိုက်တန်တဲ့ စွမ်းရည်တွေကိုယ်စီပိုင်ဆိုင်ထားတဲ့ အသင်းတွေဖြစ်တာမို့ မထင်မှတ်တဲ့ ရလဒ်တွေ ထွက်ပေါ်လာဦးမှာ သေချာနေပြန်ပါတယ်။

အကြိုဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကြမယ့် ဂျာမနီနဲ့ တူရကီတို့ အနေအထားကို ချိန်ထိုးကြည့်ရင်တော့ ဂျာမနီအသင်းဟာ ယူရို ၂၀၀၈ဘောလုံးပြိုင်ပွဲ မစတင်မီကတည်းက ဗိုလ်စွဲမယ်လို့ ရေပန်းစားခဲ့တဲ့အသင်းဖြစ်ပါတယ်။ ဂျာမနီအသင်းရဲ့ အကြိုဗိုလ်လုပွဲအရောက် ဖြတ်သန်းခဲ့ရတဲ့ အနေအထားကို ကြည့်ရင် ပိုလန်ကို နှစ်ဂိုးပြတ်နဲ့နိုင်ပြီး ခရိုအေးရှားကို နှစ်ဂိုး-တစ်ဂိုးနဲ့ရှုံးခဲ့ပါတယ်။ အိမ်ရှင်သြစတြီးယားကို တစ်ဂိုး-ဂိုး မရှိနဲ့နိုင်ပြီး ကွာတားဖိုင်နယ်တက်ရောက်လာတဲ့ အသင်းဖြစ်ပါတယ်။

ဂျာမနီအသင်းဟာ ကွာတားဖိုင်နယ်မှာ ပေါ်တူဂီအသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ယူပြီး အခုလို အကြိုဗိုလ်လုပွဲတက်ရောက်ခဲ့တာဖြစ်ပါတယ်။ ဂျာမနီအသင်းအနေနဲ့ လက်ရှိအချိန်အထိ စုစုပေါင်း ခုနစ်ဂိုးသွင်းထားပြီး တိုက်စစ်မှူး ပိုဒေါစကီးကတော့ အခုအချိန်အထိ သုံးဂိုးသွင်းထားနိုင်တဲ့သူဖြစ်ပါတယ်။

တူရကီနည်းပြ ဖိတ်တာရင်မ်

တောင့်တင်း

ဂျာမနီအသင်းဟာ ကမ္ဘာ့အဆင့်သတ်မှတ်ချက် ပဉ္စမနေရာမှာရှိတဲ့အသင်းဖြစ်ပြီး လက်ရှိခြေစွမ်းက အသင်းတိုင်းကို အနိုင်ယူနိုင်တဲ့ ခြေစွမ်းမျိုးရှိပါတယ်။ ဂျာမနီအသင်းမှာ ပွဲပယ်ပြစ်ဒဏ်က လွတ်မြောက်လာပြီဖြစ်တဲ့ ကွင်းလယ်ကစားသမား စတိုင်ဂါကြောင့် မိုက်ကယ်ဘောလက် ဦးဆောင်တဲ့ဂျာမနီကွင်းလယ်ဟာ အင်အားတောင့်တင်းနေပြီဖြစ်ပါတယ်။ ဒီပွဲကို ပွဲပယ်ပြစ်ဒဏ်က ကင်းလွတ်လာပြီဖြစ်တဲ့ နည်းပြဂျိုအာချင်လို**(အောက်ပုံ)**ကိုယ်တိုင် ကြီးကြပ်ကိုင်တွယ်မှာ ဖြစ်ပါတယ်။ တိုက်စစ်မှူး ပိုဒေါစကီးနဲ့ ကလိုဆေးတို့ဟာ တူရကီနောက်တန်းကို ကောင်းကောင်း ထိုးဖောက်ကစားနိုင်ကြသူတွေဖြစ်တဲ့အပြင် နောက်တန်းမှာ ဖီလစ်လမ်း၊ မက်ဇဲလ်ဒါ၊ မာတီဆက်ကာနဲ့ ဖရိုင်းဒရစ်ချ်တို့လည်း အများအယွင်းနည်းကြတဲ့သူတွေ ဖြစ်ပါတယ်။ ဝါရင့်ဂိုးသမားလေမန်းကြောင့် တူရကီတိုက်စစ်မှူးတွေ ဂိုးအလွယ်တကူတော့ မရနိုင်ပါဘူး။

ဂျာမနီနဲ့တူရကီတို့ ထိပ်တိုက်ဆုံတွေ့မှု မှတ်တမ်းကိုကြည့်ရင် ဂျာမနီအသင်းနိုင်ပွဲရတာများပါတယ်။ နောက်ဆုံးဆုံတွေ့ခဲ့တဲ့ ၁၃ပွဲမှာ ဂျာမနီက ကိုးပွဲနိုင်ပြီး တူရကီက သုံးပွဲသာအနိုင်ရထားတာတွေ့ရတာမို့ အကြိုဗိုလ်လုပွဲမှာ ဂျာမနီတို့အလေးသာ သွားနိုင်ပါတယ်။ ဂျာမနီဟာ ယူရို သမိုင်းတစ်လျှောက်ရှစ်ကြိမ်အကြိုဗိုလ်လုပွဲရောက်ရှိခဲ့ပြီး နောက်ဆုံးဗိုလ်လုပွဲကို ငါးကြိမ်အထိ တက်ရောက်နိုင်ခဲ့တဲ့ အစဉ်အလာရှိတာမို့ ဂျာမနီတို့ပဲ ယူရို ၂၀၀၈ ဗိုလ်လုပွဲသို့ တက်ရောက်သွားမယ်လို့ ယူဆပါတယ်။

ထူးခြားမှုမရှိ

ကမ္ဘာ့အဆင့်သတ်မှတ်ချက် ၂၅မှာရှိနေတဲ့ တူရကီကတော့ ယူရိုဘောလုံးပွဲသမိုင်းမှာတော့ အစဉ်အလာကောင်းရှိတဲ့အသင်း မဟုတ်ပါဘူး။ ယူရို ၂၀၀၀ပြိုင်ပွဲမှာ ကွာတားဖိုင်နယ်ကို တက်ရောက် နိုင်ခဲ့တာက လွဲပြီး ထူးထူးခြားခြားအောင်မြင်မှု မရှိပါဘူး။

အခု ယူရို ၂၀၀၈မှာတော့ ပေါ်တူဂီကို နှစ်ဂိုးပြတ်နဲ့ရှုံးပြီး ဆွစ်ဇာလန်ကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ယူခဲ့ပါတယ်။ နာမည်ကြီးချက်အသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့နိုင်ပြီး ကွာတားဖိုင်နယ်တက် ရောက်ခဲ့တဲ့အသင်း ဖြစ်ပါတယ်။ ကွာတားဖိုင်နယ်မှာ ခရိုအေးရှားကို အချိန်ပိုအထိ တစ်ဂိုးစီသရေကစားခဲ့ပြီး ပယ်နယ်တီကန်သွင်းရာမှာ သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရလို့ အကြိုဗိုလ်လုပွဲတက်ရောက်လာတာ ဖြစ်ပါတယ်။

တူရကီဟာ အခုအချိန်အထိ ခြောက်ဂိုးသွင်းထားနိုင်ပေမယ့် အဓိကတိုက်စစ်မှူးနီဟတ် ပေါင်ခြံဒဏ်ရာရနေလို့ အကြိုဗိုလ်လုပွဲမှာ မပါနိုင်တော့ပါဘူး။ ဒါ့အပြင် ဘီလိုဇောလူလည်း ဒူးဒဏ်ရာရရှိထားတဲ့ အပြင် တူရကီကစားသမားကိုးဦး ဒဏ်ရာတွေရထားတာမို့ အခုဂျာမနီ နဲ့ ကစားတဲ့ပွဲမှာ အင်အားပြည့်ကစား နိုင်မှာတော့ မဟုတ်ပါဘူး။ ဒါ့အပြင် တူရကီအတွက် အားထားရတဲ့ တွန်ကေးဆန်လီ၊ တူရန်၊ အဆစ်၊ ဂိုးသမား ဒီမီရယ်တို့လည်း ပွဲပယ်ခံထားရတာမို့ ဂျာမနီကို အနိုင်ယူဖို့သိပ်တော့မလွယ်ပါဘူး။ ဒါ့ကြောင့် တူရကီတို့ကံတရားရဲ့ မျက်နှာသာပေးမှုကူမှုပဲ နိုင်ပွဲရနိုင်ပြီး နောက်ဆုံးဗိုလ်လုပွဲတက်ရောက်နိုင်မှာ ဖြစ်ပါကြောင်း။ ။

ဖူလ်ဟမ်တိုက်စစ်မှူး မက်ဖက်ဒန် အသင်းမှထွက်ခွာလိုဟုဆို

လန်ဒန် ဇွန် ၂၃

ပရီမီယာလိဂ်မှ ဖူလ်ဟမ်အသင်း တန်းဆင်းရပြီးနောက် တိုက်စစ်မှူး ဂျိမ်းစ်မက်ဖက်ဒန်**(ယာပုံ)**သည် အသင်းမှ ထွက်ခွာလိုကြောင်း ၎င်း၏အေးဂျင့် ဝီလီမက်ကေးက ဇွန်၂၂ရက်၌ ပြောကြားသည်။

အသက်၂၅နှစ်ရှိ စကော့တလန်နှင့် ဖူလ်ဟမ်တိုက်စစ်မှူး မက်ဖက်ဒန်ကို ဆဲလ်တစ်အသင်းက ပြောင်းရွှေ့ကြေးပေါင်ငါးသန်းခွဲဖြင့် ခေါ်ယူရန် ဆက်သွယ်ဆွေးနွေးနေကြောင်း၊ ၎င်းသည် ပရီမီယာလိဂ်ကဲ့သို့ ထိပ်တန်းဘောလုံးအသင်းများ ပါဝင်သည့် လိဂ်ပြိုင်ပွဲများတွင်သာ ပါဝင်ကစားလိုသူဖြစ်ကြောင်း ၎င်း၏ အေးဂျင့်က ဆက်လက်ပြောကြားသည်။

သို့သော်လည်း ဖူလ်ဟမ်အသင်းသည် ဆဲလ်တစ်အသင်းက မက်ဖက်ဒန်အား ခေါ်ယူနိုင်ရေးအတွက် ခံစစ်မှူးဘိုဘိုဘယ်လ်ဒီကို အလိုက်ပေးမည့် ကမ်းလှမ်းမှုကို ငြင်းပယ်ခဲ့သည်။

(အင်တာနက်)

ဂျာမနီလက်ရွေးစင်အသင်းမှ နုတ်ထွက်ရေး စဉ်းစားခဲ့ကြောင်း နည်းပြဂျိုအာချင်လို ဝန်ခံပြောကြား

ဂျီနီဗာ ဇွန် ၂၃

ယူရို ၂၀၀၈ အုပ်စု(ခ) အုပ်စုတွင်းပြိုင်ပွဲတွင် ဂျာမနီအသင်းသည် ခရိုအေးရှားအသင်းအား ရှုံးနိမ့်ခဲ့ပြီးနောက် မိမိအနေဖြင့် နည်းပြအဖြစ်မှ နုတ်ထွက်ရန်စဉ်းစားခဲ့သေးကြောင်း ဂျာမနီလက်ရွေးစင်အသင်းနည်းပြဂျိုအာချင်လိုက ဇွန် ၂၂ရက်၌ ဝန်ခံပြောကြားလိုက်သည်။

ယင်းပြိုင်ပွဲတွင် ဆလာဗင်ဘီလစ်၏ ခရိုအေးရှားအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ဂျာမနီအသင်းအုပ်စုအဆင့်မှ တက်လှမ်းနိုင်ရေးမှာ မရေရာသည့်အခြေအနေတွင်ရှိနေခဲ့သည်။ သို့သော်လည်း အိမ်ရှင်သြစတြီးယားအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့မှုကြောင့် ကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်နိုင်ခဲ့ပြီး အကြိုဗိုလ်လုပွဲ အဆင့်သို့ပါ တက်လှမ်းနိုင်ခဲ့သည်။

ဝန်ခံ

သို့သော်လည်း ဂျာမနီအသင်းသည် ခရိုအေးရှားနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီးနောက် မိမိအနေဖြင့် ဖိအားများနှင့် မျှော်လင့်ချက် ဝန်ထုပ်ဝန်ပိုးများကြောင့် နုတ်ထွက်ရန်စဉ်းစားခဲ့မိကြောင်း ဂျိုအာချင်လိုက ဆက်လက်ဝန်ခံပြောကြားခဲ့သည်။

(အင်တာနက်)

တိုက်စစ်မှူး အဒီဘာယော ဘာစီလိုနာသို့ ရောက်ရှိရေးနီးစပ်

ရောမ ဇွန် ၂၃

အေစီမီလန်အသင်းသည် အာဆင်နယ်အသင်းတိုက်စစ်မှူး အဒီဘာယောအား ခေါ်ယူရေးစာချုပ်မှာ၅၀ ရာခိုင်နှုန်းပြီးစီးနေပြီဟု မိမိတို့ ယုံကြည်ကြောင်း၊ သို့သော်လည်း အာဆင်နယ်အသင်းကမူ ဘာစီလိုနာအသင်းသို့ ရောင်းချရန် ရည်ရွယ်နေသည့်အတွက် ယင်းတိုက်စစ်မှူးသည် ဘာစီလိုနာအသင်းသို့ ရောက်ရှိရန် နီးစပ်နေကြောင်း အေစီမီလန်အသင်း ဒုတိယဥက္ကဋ္ဌ အက်ဒရီယာနို ဂယ်လီယာနီက ဇွန် ၁၉ရက်တွင် ပြောကြားသည်။

(အင်တာနက်)

စိတ်ဓာတ်ကောင်းကောင်းနဲ့ကစားနိုင်လို့ပါ

စပိန်နည်းပြ-အာရာဂိုးနက်

ကျွန်တော်တို့ညံ့လို့ ရှုံးတာမဟုတ်ပါဘူး

အီတလီနည်းပြ-ဒိုနာဒိုနီ

ဘန်း ဇွန် ၂၃

စပိန်နှင့်အီတလီအသင်းတို့ ယူရို ၂၀၀၈ ကွာတားဖိုင်နယ် နောက်ဆုံးပွဲစဉ်၌ ပယ်နယ်တီအဆုံးအဖြတ်ဖြင့် ကစားအပြီး စပိန်တို့အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့ပြီဖြစ်ပါတယ်။ ထိုသို့ စပိန်နှင့်အီတလီတို့ ကွာတားဖိုင်နယ်ပွဲစဉ်အပြီး စပိန်အသင်း အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခဲ့မှုနှင့် ပတ်သက်ပြီး စပိန်နည်းပြအာရာဂိုးနက်(ဝဲပုံ)က **“ဒီပွဲအနိုင်ရရှိမှုအပေါ် ကျွန်တော့် ကစားသမားတွေကို ဂုဏ်ပြုပါတယ်။ သူတို့တွေအကောင်းဆုံး ကစားသွားနိုင်ကြတယ်။ စိတ်ဓာတ်ကောင်းကောင်းနဲ့ ကစားသွားကြတာမို့ ဒီပွဲအနိုင်ရရှိခဲ့တာပါ။ အီတလီအသင်းကို ကစားရတာ ခက်ခဲပါတယ်။ သူတို့တွေစုစည်းမှု ကောင်းကောင်းနဲ့ ကစားခဲ့တာမို့ ကျွန်တော့်လူတွေ ဂိုးသွင်းဖို့ခက်ခဲမှုဖြစ်ခဲ့ရတယ်။ ပယ်နယ်တီကန်သွင်းမှုမှာ ကျွန်တော်တို့ကြိုတင်လေ့ကျင့်ခဲ့တာမို့ အခုလိုနိုင်ပွဲရရှိခဲ့တာပါ။ ဒီပွဲအနိုင်ရရှိခဲ့တာဟာ ကျွန်တော်တို့အတွက် ကြီးကျယ်တဲ့ အောင်ပွဲတစ်ရပ်ပါပဲ”**ဟု ပြောကြားသွားပါတယ်။

ထို့အတူ စပိန်အသင်းအား အချိန်ပိုအထိသရေကစားနိုင်ခဲ့သော်လည်း ပယ်နယ်တီအဆုံးအဖြတ်ဖြင့် ရှုံးခဲ့သည့် အီတလီအသင်းနည်းပြ ဒိုနာဒိုနီ**(ယာပုံ)**က **“ဝမ်းနည်းစရာကောင်းတဲ့ ရှုံးနိမ့်မှုတစ်ရပ်ပါပဲ။ ဒီပွဲမှာ စပိန်အသင်းထက် မညံ့ဘူးဆိုတာ ကျွန်တော့်ကစားသမားတွေ ကစားပုံက ပြသနိုင်ခဲ့ပါတယ်။ အီတလီအသင်းကို ယူရို ၂၀၀၈မှာ အမြင့်ဆုံးအောင်မြင်မှုကို ရယူမပေးနိုင်ခဲ့လို့ စိတ်မကောင်းပါဘူး၊ ဒါပေမယ့် ကျွန်တော်အကောင်းဆုံး စွမ်းဆောင်ပေးနိုင်ခဲ့တယ်လို့ ယုံကြည်ထားပါတယ်။ ပယ်နယ်တီလွဲချော်မှုတွေကတော့ ကျွန်တော့်ကစားသမားတွေ စိတ်လှုပ်ရှားမှုများနေလို့ပါ။ ဒါတွေကိုအပြစ်မပြောလိုတော့ပါဘူး။ စပိန်အသင်းက ပိုပြီး ကံကောင်းသွားတယ်လို့ထင်ပါတယ်”**ဟု ပြောကြားသွားပါတယ်။

ယူရို ၂၀၀၈ကွာတားဖိုင်နယ်နောက်ဆုံးပွဲစဉ်မှာ စပိန်နဲ့အီတလီတို့ အကြိတ်အနယ် ကစားခဲ့ပြီး ၈၈ နှစ်ကြာ အီတလီကို အနိုင်မယူနိုင်ခဲ့တဲ့ စပိန်တို့ရဲ့ မှတ်တမ်းကို ချေဖျက်ပြီး ပယ်နယ်တီအဆုံးအဖြတ်နဲ့ အီတလီကို စပိန်တို့ အနိုင်ယူခဲ့ပြီ ဖြစ်ပါတယ်။



၄း၄၂ အခင်းအကျင်းနဲ့ ပွဲထွက်လာတဲ့ နည်းပြအာရာဂိုးနက်ရဲ့ စပိန်အသင်းကို အီတလီနည်းပြဒိုနာဒိုနီက ၂း၁း၃း၄ ဗျူဟာနဲ့ ရင်ဆိုင်ခဲ့ပါတယ်။ စပိန်တိုက်စစ်မှူးတွေဖြစ်တဲ့ တောရက်စ်နဲ့ ဒေးဗစ်ဗီလာတို့ ထင်သလောက် ခြေစွမ်းမပြနိုင်ခဲ့ပါဘူး။ ပွဲချိန်၁၈မိနစ်မှာ ဘယ်ခြမ်းက ဖြတ်တင်ပေးလိုက်တဲ့ ဘောလုံးကို အီတလီ နောက်တန်းတိုက်စစ်မှူး ပါရော့တာ ခေါင်းတိုက်သွင်းပေမယ့် အားပျော့သွားတာမို့ စပိန်ဂိုးသမား ကာဆီးလက်စ် ကာကွယ်နိုင်ခဲ့ပါတယ်။

စပိန်အသင်း ဂိုးရရှိရေး ဒေးဗစ်ဗီလာနဲ့ တောရက်စ်တို့ ထိုးဖောက်ကစားရာမှာ ပွဲချိန် ၂၃မိနစ်မှာ အီတလီဂိုးဧရိယာ အစပ်နားမှာ ပြစ်ဒဏ်ဘောရရှိခဲ့ပါတယ်။ အဲဒီပြစ်ဒဏ်ဘောကို ဒေးဗစ်ဗီလာကန်သွင်းတာကောင်းပေမယ့် အီတလီဂိုးသမား ဘတ်ဖွန် ဖမ်းမိသွားတာမို့ စပိန်တို့ နစ်နာခဲ့ရပါတယ်။

စပိန်အသင်းရဲ့ ဒေးဗစ်ဆေးလ်ဗား၊ အင်နီယေစတာ၊ ဇာဗီးတို့အုပ်စုဖွဲ့ ထိုးဖောက်ပေမယ့် အခိုင်အမာပိတ်ဆို့ထားတဲ့ အီတလီနောက်တန်းကြောင့် အပိုင်ဂိုးသွင်းခွင့်မရခဲ့ပါဘူး။ ဒုတိယပိုင်းမှာ အီတလီအသင်း ကစားကွက်ကောင်းမွန်ခဲ့ပေမယ့် ထိရောက်တဲ့ထိုးဖောက်မှု မလုပ်နိုင်ဘဲ ကွင်းလယ်မှာပဲ အပြန်အလှန်အပေးအယူလုပ်နေမှု များခဲ့ပါတယ်။

မိနစ်၆၀မှာ အီတလီတိုက်စစ်မှူး ကာမိုရာနီစီ ကန်သွင်းချက်ဟာ စပိန်ဂိုးသမားခြေထောက်နဲ့ထိပြီး ဘေးထွက်သွားလို့ နစ်နာခဲ့ရပါတယ်။ နှစ်သင်းစလုံး အမှားနည်းအောင် ထိန်းကစားနေလို့ အချိန်ပိုကစားတဲ့အထိ ဂိုးမရှိသရေပွဲဖြစ်နေတာကြောင့် ပယ်နယ်တီအဆုံးအဖြတ် ခံယူခဲ့ရပါတယ်။

ပယ်နယ်တီအဆုံးအဖြတ် ကန်သွင်းရာမှာ ပထမဆုံး စပိန်တိုက်စစ်မှူး ဒေးဗစ်ဗီလာကန်သွင်းတာ ဂိုးဝင်သွားခဲ့သလို အီတလီမှ ဂရိုဆိုကန်သွင်းရာမှာလည်း ဂိုးဝင်ခဲ့ပါတယ်။ စပိန်အတွက် ဒုတိယမြောက်ပယ်နယ်တီကို ကာဇိုလာကန်သွင်းရာ ဂိုးဝင်ခဲ့သော်လည်း အီတလီရဲ့ ဒုတိယပယ်နယ်တီကို ဒီရော့ဆီကန်သွင်းရာ မဝင်ခဲ့၍ အီတလီတို့ စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်ခဲ့ရပါတယ်။ စပိန်အတွက်တတိယမြောက် ပယ်နယ်တီကို ဆန်နာကန်သွင်းရာ ဂိုးဝင်ခဲ့သလို အီတလီအတွက် ပယ်နယ်တီကို ကာမိုရာနီဆီကန်သွင်းရာ ဂိုးဝင်ခဲ့လို့ အီတလီတို့ စိတ်သက်သာရာရရှိပါတယ်။ စပိန်အတွက် စတုတ္ထမြောက်ပယ်နယ်တီကို ဂူရီဇာကန်သွင်းရာ မဝင်ခဲ့သဖြင့် အီတလီတို့ မျှော်လင့်ချက် ရှင်သန်လာသော်လည်း အီတလီအတွက် စတုတ္ထမြောက် ပယ်နယ်တီကို ဒီနာတယ်လီကန်သွင်းရာ မဝင်ခဲ့သဖြင့် အီတလီတို့စိတ်ပျက်ခဲ့ရပြန်ပါတယ်။ စပိန်အတွက် နောက်ဆုံးပယ်နယ်တီကို ဖာဘရီဂတ်စ်ကန်သွင်းရာ ဂိုးဝင်ခဲ့သဖြင့် စုစုပေါင်း လေးဂိုး-နှစ်ဂိုးဖြင့် စပိန်တို့ အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲ တက်ရောက်သွားနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ။

(ကိုးကား-အင်တာနက်)

မောင်မောင်မြင့်ဆွေနှင့် ချစ်စိုးနိုင် စုစည်းသည်

လေဘေးသင့်ခံရသည့် ပြည်သူများအား ဤသို့ ကျန်းမာရေးစောင့်ရှောက်မှု ပေးခဲ့ကြသည်။

မော်လမြိုင်ကျွန်းမြို့ ဆိပ်ကမ်းတွင် ဆိပ်ခံတွဲသစ်ကြောင့် ကုန်တင်ကုန်ချလုပ်ငန်းများ အဆင်ပြေစွာ လုပ်ကိုင်ဆောင်ရွက်နေသည့်မြင်ကွင်း။

မော်လမြိုင်ကျွန်းမြို့နယ် ပြန်လည်ထူထောင်ရေး အောင်မြင်မှုရနေ

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ်အတွင်း လေဘေးသင့်ခံရသည့် ကျေးရွာများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အောင်မြင်မှုများ ရရှိနေပြီဖြစ်သည်။

လေဘေးသင့်ခံရသည့် ကျေးရွာများရှိ တောင်သူလယ်သမားများအား လုပ်ငန်းခွင် ဝင်ရောက်နိုင်အောင် ထောက်ပံ့ရေးပစ္စည်းများနှင့် လယ်ယာသုံးကိရိယာများ ဖြန့်ဝေပေးနေသည့်အပြင် ကျေးရွာ မူလတန်းကျောင်းများလည်း ပြန်လည်ဖွင့်လှစ်ကာ စာသင်ကြားမှုများ ပြုလုပ်နေပြီဖြစ်သည်။ ကျန်းမာရေးစောင့်ရှောက်မှုကိုလည်း အထူးကုဆရာဝန်အဖွဲ့များက ကျေးရွာများအထိ ဆင်းကာ ဆေးကုသမှုပေးလျက် ရှိသည်။

လေဘေးသင့်ခံရသည့် အစိုးရရုံး အဆောက်အအုံများ ပြန်လည် ပြင်ဆင်ပြီးဖြစ်သလို မော်လမြိုင်ကျွန်းမြို့တွင် မြဝတီရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကိုလည်း ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သည်။ ထို့အပြင် လေဘေးသင့်သူများအား လှူဒါန်းသူများ တိုက်ရိုက်လှူဒါန်းနိုင်သကဲ့သို့ ကုန်စည်စီးဆင်းမှုသည်လည်း ပုံမှန် ရောင်းဝယ်ဖောက်ကားနိုင်နေပေပြီ။

ထောက်ပံ့ရေးပစ္စည်းများကို ဤသို့ စနစ်တကျ ပေးဝေခဲ့သည်။

မော်လမြိုင်ကျွန်းမြို့နယ် မဟာဗန္ဓုလလမ်းမကြီး သန့်ရှင်းသာယာလှပမှုအနေအထား။

ထပ်ဆင့်လွှင့်စက်ရုံ

ဇွန် ၁၇ရက်က ဖွင့်လှစ်ခဲ့သည့် မော်လမြိုင်ကျွန်းမြို့ မြဝတီ ထပ်ဆင့်လွှင့်စက်ရုံကို တွေ့ရစဉ်။

ပြန်/ဆက်ဦးစီးရုံး

မော်လမြိုင်ကျွန်းမြို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး ပြန်လည် ပြုပြင်ပြီးစီးမှုကို ဤသို့ တွေ့ရသည်။

မော်လမြိုင်ကျွန်းဆိပ်ကမ်း

မော်လမြိုင်ကျွန်းမြို့ ဆိပ်ကမ်းကို သင်္ဘော၊ စက်လှေများဖြင့် ဤသို့ တွေ့ရသည်။

သတင်းမြင်ကွင်း-မောင်မောင်မြင့်ဆွေ စာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု-ထိန်လင်း

ခရီးသည်များ မော်လမြိုင်ကျွန်း ဆိပ်ကမ်းတွင် သွားလာများပြားမှု မြင်ကွင်း။

24-6 (12).pmd 1 6/24/2008, 2:54 AM

စိတ်ဝင်စားဖွယ် သတင်းစုံလင်စွာဖြင့် ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၂၁)ဖြန့်ချိ

ရန်ကုန် ဇွန် ၂၃

၁၉၉၆ခုနှစ်က စတင်ထုတ်ဝေခဲ့သည့် မြန်မာနိုင်ငံ၏ သက်တမ်းအရှည်ဆုံး ပြည်တွင်းပြည်ပ သတင်းဂျာနယ်ဖြစ်သည့် ပြည်မြန်မာ သတင်းဂျာနယ် အမှတ်(၆၂၁)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ Sewsone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်တွင် နိုင်ငံတကာ အသိအမှတ်ပြု လေယာဉ်မှူးသင်တန်းနှင့် ဆေးပညာဘွဲ့များကို တက္ကသိုလ်ဝင်တန်းအောင်ရုံဖြင့် တက်ရောက်နိုင်၊ သဘာဝကပေးသည့် လက်ဆောင်ဖြင့် ကမ္ဘာကျော်အကောင်းဆုံး အာဟာရအားဆေးတစ်မျိုးကို မြန်မာနိုင်ငံက တီထွင်ထုတ်လုပ်နိုင်ခဲ့၊ အကယ်ဒမီနန္ဒလှိုင် ဘယ်မှာလဲ၊ ဘာလုပ်နေလဲ၊ ကမ္ဘာ့ပထမဆုံး အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံ တက္ကသိုလ်ကြီးကို ရန်ကုန်တွင်တည်ဆောက်နေ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းက မုန်တိုင်းကြောင့် ကွဲကွာနေသော မိသားစုဝင် ၃၇ဦးကို ရှာဖွေပေးနိုင်ခဲ့၊ မြန်မာဗိသုကာပညာရှင်များအသင်းက လေဘေးသင့် ဒေသများအတွက် အိမ်ဒီဇိုင်းငါးမျိုး လှူဒါန်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ဒီရေတောများကို အမြန်ဆုံးပြုပြင်မည်၊ ထီထိုးမယ်ဆိုရင်၊ အာဆီယံ အမျိုးသမီး စီးပွားရေးထူးချွန်ဆုရ မြန်မာအမျိုးသမီးကြီးနှင့် တွေ့ဆုံခြင်း၊ Online Donation Group နှင့် MMktA က ငပုတောမြို့နယ်တွင် အိမ် ၃၃၀ကျော် တည်ဆောက်လှူဒါန်းမည်၊ မြန်မာ့ငါးများ၊ အန္တရာယ် ကင်းစွာ စိတ်ချစားနိုင်၊ မူရှာရက်ဖ်က နုတ်ထွက်မည်မဟုတ်ဟုဆို၊ အိုစမာဘင်လာဒင်ကို ယခုနှစ်အတွင်း အမိဖမ်းရန် ဘုရှ်က အမိန့်ထုတ်၊ သူကြွယ်အိုများက ကညာပျိုများကို လက်ထပ်ချင်တိုင်း လက်ထပ်၍ မရသည့်နိုင်ငံ၊ ဒဏ္ဍာရီလာဦးချိုတစ်ချောင်းနှင့် သတ္တဝါ ပြင်ပ၌ အမှန်တကယ်ရှိနေ၊ လွန်ခဲ့သည့် နှစ်၂၀၀၀မှ မျိုးစိတ်က အပင်ပေါက်လာ၊ တရုတ်နိုင်ငံတွင် အမှန်တကယ် ပုံသန်းနိုင်သည့် ပန်းကန်ပြားပုံကို တီထွင်၊ အိပ်မက်ထဲမှ ဖုန်းနံပါတ်ကို ဆက်သွယ်ခဲ့ရာမှ အိမ်ထောင်ဖက်တွေ့ရှိ၊ အရွယ်ရောက်ပြီးသော်လည်း အမြဲတမ်း လေးဖက်ထောက်လျက်သား လမ်းလျှောက်ကြသည့်သူများ၊ အင်္ဂါဂြိုဟ်ပေါ်၌ ရေတွေ့ရှိပြီ၊ လေဖြတ်၍ ခြေလက် လေးဖက်စလုံး မလှုပ်ရှားနိုင်တော့သည့် အမျိုးသမီးတစ်ဦး တစ်ကိုယ်တော်ရွက်လွှင့်၍ ခရီးထွက်၊ တရုတ်တွင် ငလျင်ကြောင့် အသက်မသေသူများကို ရေလွှမ်းမိုးမှုက ခြိမ်းခြောက်နေပြန်.... စသည့် စိတ်ဝင်စားဖွယ် သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံ ထည့်သွင်းဖော်ပြထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

UK - M
POLYTECHNICS
GCE O- Level
No.59, 7th Floor, Sanchaung Street, Sanchaung Township.
01-504824

စွမ်းအင်ဝန်ကြီးဌာနနှင့် ထိုင်းကုမ္ပဏီလီမိတက် သဘာဝဓာတ်ငွေ့အရောင်းစာချုပ်အတွက် အခြေခံသဘောတူညီချက်လက်မှတ်ရေးထိုး

နေပြည်တော် ဇွန် ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E. Lieutenant General Poonpirom Liptapanlop ဦးဆောင်သော ထိုင်းနိုင်ငံ စွမ်းအင်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀နာရီ မိနစ် ၂၀တွင် နေပြည်တော်လေဆိပ်သို့ ရောက်ရှိလာရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Bansam Bunnag နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆွေးနွေး

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီနှင့် ဧည့်သည်တော် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးတို့သည် နံနက် ၁၁နာရီတွင် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံ၍ နှစ်နိုင်ငံ စွမ်းအင်ကဏ္ဍ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီး ပွင့်လင်းစွာ ဆွေးနွေးကြသည်။

တက်ရောက်

ယင်းနောက် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ထိုင်းနိုင်ငံ PTTEP International Limited နှင့် PTT Public Company Limited. တို့သည် မုတ္တမကမ်းလွန်ဒေသလုပ်ကွက် M-9မှ ထွက်ရှိလာမည့် သဘာဝဓာတ်ငွေ့ အရောင်းစာချုပ်အတွက် အခြေခံသဘောတူညီချက် လက်မှတ်ရေးထိုးချုပ်ဆိုသည့် အခမ်းအနားကို နံနက် ၁၁နာရီခွဲတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ ဆက်လက်ကျင်းပရာ အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ ရှေ့နေချုပ် ဦးအေးမောင်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E. Lieutenant General Poonpirom Liptapanlop၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Bansam Bunnag၊ ထိုင်းနိုင်ငံ PTTEP International Limited. နှင့် PTT Public Company Limited. တို့မှ အမှုဆောင် အရာရှိချုပ်များနှင့် ဥက္ကဋ္ဌ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E. Lieutenant General Poonpirom Liptapanlop တို့က အမှာစကား ပြောကြားကြသည်။

လက်မှတ်ရေးထိုး

ဆက်လက်၍ အခြေခံသဘောတူညီချက် (Heads of Agreement) ကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဌေး၊ ထိုင်းနိုင်ငံ PTTEP International Limited ၏ အမှုဆောင်အရာရှိချုပ် Mr. Anon Sirisaengtaksinနှင့် PTT Public Company Limited.အမှုဆောင်အရာရှိချုပ်နှင့် ဥက္ကဋ္ဌ Mr. Prasert Bunsumpun နှင့် အသိသက်သေအဖြစ် စွမ်းအင်စီမံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်တို့က လက်မှတ်ရေးထိုးကာ စာချုပ်များကို အပြန်အလှန် လဲလှယ်ကြသည်။

ရောင်းချ

အဆိုပါလက်မှတ်ရေးထိုးချုပ်ဆိုသည့် အခြေခံသဘောတူညီချက်အရ မုတ္တမကမ်းလွန်ဒေသ လုပ်ကွက် M-9 မှ ထွက်ရှိလာသော သဘာဝဓာတ်ငွေ့များကို ပြည်တွင်းသုံးစွဲရေးနှင့် ထိုင်းနိုင်ငံသို့ ပို့လွှတ်ရောင်းချရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်သွားကြမည် ဖြစ်သည်။

ပို့ဆောင်နှုတ်ဆက်

ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်သော ထိုင်းနိုင်ငံ စွမ်းအင် ကိုယ်စားလှယ်အဖွဲ့သည် ယင်းနေ့မွန်းလွဲ ၁နာရီခွဲတွင် နေပြည်တော်လေဆိပ်မှ ပြန်လည်ထွက်ခွာသွားရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် တာဝန်ရှိသူများက လေဆိပ်သို့ လိုက်ပါပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း မိုးလေဝသသတင်း

သန်းသန်းနု ကိုးကားတင်ပြသည်

မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းနှင့် ကမ်းလွန်ပင်လယ်ပြင်တွင် မိုးသက်လေပြင်းကျရောက်နိုင်

ရန်ကုန် ဇွန် ၂၃

ဇွန် ၂၃ရက်က မိုးလေဝသအခြေအနေကို လေ့လာဆန်းစစ်ကြည့်ရာ ကရင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့ပြီး ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ် မိုးရွာခဲ့သည်။ ရခိုင်ပြည်နယ်တွင် နေရာကျဲကျဲရွာပြီး ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့၌ နေရာကွက်ကျားမိုးရွာခဲ့သည်။ မကွေးတိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။



ဇွန်၂၃ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်းဖြစ်သည်-				
ဘားအံ	-	၄	ဒသမ ၃၄	လက်မ
မိုးကုတ်	-	၄	ဒသမ ၂၁	လက်မ
ကော့သောင်း	-	၃	ဒသမ ၃၀	လက်မ
ကိုကိုးကျွန်း	-	၂	ဒသမ ၈၀	လက်မ
ဟင်္သာတ	-	၂	ဒသမ ၆၄	လက်မ
လှိုင်လင်	-	၂	ဒသမ ၃၆	လက်မ

ဇွန် ၂၄ရက် (ယနေ့) ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့်ပဲခူးတိုင်းတို့၌ နေရာစိပ်စိပ်မိုးရွာနိုင်ပြီး စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ မိုးရွာနိုင်သည်။ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့၌ နေရာကွက်ကျား မိုးရွာ၍ ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မုတ်သုံလေ

ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားကောင်းနေပြီး ဘင်္ဂလားပင်လယ်အော်၌ မုတ်သုံလေအများအားဖြင့် အားအသင့်အတင့်ရှိနေသည်။

မိုးသက်လေ

မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီ ၃၅မိုင်မှ မိုင်၄၀အထိ တိုက်ခတ်နိုင်သည်။

ဇွန် ၂၄ရက်(ယနေ့) နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာနိုင်ပြီး မန္တလေးမြို့နှင့် အနီးတစ်ဝိုက် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်ကြောင်း သဘာဝရာသီဥတုဖြစ်စဉ်ကို ခန့်မှန်းဖော်ပြလိုက်ရပါသည်။

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

မှုးယစ်ကင်းစင် အလှဆင်

ဂျပန်အရှေ့ပိုင်းတွင် တိုင်ဖွန်းမုန်တိုင်းတိုက်ခတ်

တိုကျို ဇွန် ၂၃

ဂျပန်နိုင်ငံအရှေ့ပိုင်းဒေသများသို့ ဇွန် ၂၃ရက် နံနက်ပိုင်းက တိုင်ဖွန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း ဂျပန် မိုးလေဝသဌာနက သတင်းထုတ်ပြန်သည်။ **(အပေါ်ပုံ)**

ပျက်စီး

မုန်တိုင်းတိုက်ခတ်ခံရသည့် ဒေသများမှာ ကျူရှူးကျွန်းနှင့် ကန်တိုဒေသများဖြစ်ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမှုများဖြစ်ပွားခဲ့ရာ နေအိမ်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ဦးတည်တိုက်ခတ်

အဆိုပါတိုင်ဖွန်းမုန်တိုင်းသည် တစ်နာရီ မိုင်၅၀နှုန်း တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး မီနာမီဒိုင်တိုကျွန်းနှင့်အီဇူကျွန်းများဆီသို့ ဦးတည်တိုက်ခတ်သွားခြင်းဖြစ်ကြောင်း၊ ၄င်းမုန်တိုင်းသည် ယခုနှစ်မုန်တိုင်းရာသီ၌ အကြိမ်၂၀မြောက် တိုက်ခတ်သည့် မုန်တိုင်းလည်းဖြစ်ကြောင်း ဂျပန်မိုးလေဝသဌာနက သတင်းထုတ်ပြန်သည်။

ဖိလစ်ပိုင်၌ မိုးသည်းထန်စွာရွာပြီး မြေပြိုမှုဖြစ်ပွား သေဆုံး၊ဒဏ်ရာရမှုနှင့် နေအိမ်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့

မနီလာ ဇွန် ၂၃

ဖိလစ်ပိုင်နိုင်ငံ ဆီဘူးမြို့အနီး ဒန်လက်ကျေးရွာတွင် ဇွန်၂၃ရက်နံနက် က မိုးသည်းထန်စွာ ရွာ သွန်းပြီး မြေပြိုမှုဖြစ်ပွားရာ နေအိမ်ခြောက်အိမ် ပျက်စီးပြီး၊ နှစ်ဦးသေဆုံးကာ ၁၃ဦး ဒဏ်ရာ ရရှိခဲ့ကြောင်း ဖိလစ်ပိုင် မိုးလေဝသဌာနမှသတင်း ထုတ်ပြန်သည်။

ရေလွှမ်းမှု

ထို့အပြင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမှုများလည်းဖြစ်ပေါ်ခဲ့ကြောင်း၊မြစ်ရေလျှံမှုများဆက်လက်ဖြစ်ပွားနိုင်သဖြင့် အနီးပတ်ဝန်းကျင်ဒေသများရှိကျေးရွာများအားရေလွှမ်းမှုသတိပေးချက်များ ထုတ်ပြန်ထားကြောင်းသိရသည်။

မြန်မာ့အလင်း သဘာဝဘေး အင်တာနက် ဟော့ပိတ်သတင်း

ပိုလန်၌ မုန်တိုင်းတိုက်ခတ် အိမ်များပျက်စီး၊ ဓာတ်ကြိုးများပြတ်တောက်

ဝါဆော ဇွန် ၂၃

ပိုလန်နိုင်ငံအနောက်မြောက်ပိုင်း ပိုမီယန်ဒေသတွင် ဇွန်၂၃ရက်မွန်းလွဲ ၁နာရီခန့်က မုန်တိုင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် နေအိမ်များပျက်စီးပြီး သစ်ပင်များ ပြိုလဲမှုဖြစ်ပေါ်ခဲ့ကြောင်း ပိုလန်နိုင်ငံ မိုးလေဝသဌာနက သတင်းထုတ်ပြန်သည်။

အတုံးအရုံး

မုန်တိုင်းမှာ တစ်နာရီလျှင် မိုင် ၆၀နှုန်းတိုက်ခတ်ခဲ့ခြင်းဖြစ်ပြီးမုန်တိုင်း ဒဏ်ခံရသည့်ဒေသများတွင်လူဘတ်ဇ် နှင့်ဂရိုတ်တာပြည်နယ်များလည်းပါဝင်သည်။ မုန်တိုင်းဒဏ်ကြောင့် လမ်းမများပေါ်သို့ သစ်ပင်များ အတုံးအရုံး ပြိုလဲကာ ဓာတ်ကြိုးများလည်း ပြတ်တောက်ခဲ့သည်။

ထို့အပြင် အဆိုပါပြည်နယ်များရှိ လမ်းမများပေါ်တွင်လည်း ရေလွှမ်းမှုများဖြစ်ပေါ်လျက်ရှိရာ မော်တော်ယာဉ်သွားလာမှု ပြတ်တောက်လျက်ရှိကြောင်း သိရသည်။

အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ လက်စွပ်ကျ ကျေးရွာလမ်းကျောက်ချော ခင်းခြင်း လုပ်ငန်းကို မေ ၁၇ရက်က အမှုဆောင်အရာရှိ ဦးတင်ရှိန်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးထွန်းသန့်တို့ ကြီးကြပ်ပေးစဉ်။ (၃၁၆)

စိုက်ပျိုးစရိတ် ချေးငွေထုတ်ပေး

တောင်ငူ ဇွန် ၁၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း (ဗဟိုဌာနချုပ်)၏ စီစဉ်မှုဖြင့် တောင်ငူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်စိုး၊ တွဲဖက်အတွင်းရေးမှူး ဦးဇော်လင်းနှင့် အမှုဆောင် အဖွဲ့ဝင်များသည် ၂၀၀၈ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို ကျေးရွာအုပ်စု ၁၃ အုပ်စုရှိ အသင်းဝင် တောင်သူလယ်သမား ၁၃၀၀တို့အား တစ်ဧကလျှင် ငွေကျပ် တစ်သောင်းနှုန်းဖြင့် ငွေကျပ် သိန်း၅၀၀ကို ဇွန်၁၀ရက်မှစ၍ အိမ်တိုင်ရာရောက် ထုတ်ပေးခဲ့ကြကြောင်း သိရသည်။ **(ဝ၄၈)**

ရန်ကုန်တိုင်း လှိုင်မြို့နယ်အမှတ် ၁၆ရပ်ကွက် မေတ္တာဝါဒီ ဟံသာတ ပရဟိတကျောင်းရှိ မိဘမဲ့ ကလေးသူငယ်များအတွက် လိုအပ်မှုများ အသုံးပြုနိုင်ရန် အလှူငွေကျပ် ခုနစ်သိန်းကို ဇွန် ၁၂ရက်က ပဓာန နာယက ဆရာတော် ဦးသီလာနန္ဒထံ စမ်းချောင်းမြို့နယ် မြောက်စီရင် သက်သတ်လွတ် ဘုရားကျောင်းမှ အလှူရှင်တစ်ဦးက လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

ရောဝတီတိုင်း ကျောင်းကုန်းမြို့ သီဟခြမ်းလမ်း (၂) ရပ်ကွက်နေ ဦးတင်မောင်-ဒေါ်ခင်မာနီ မိသားစုက သုတ၊ ရသ စာအုပ်ပေါင်း ၁၀၂၅အုပ်ကို ဇွန်၉ရက်က ဘဝပန်းတိုင် စာကြည့်တိုက်သို့ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကြီးကြပ်မှု ကော်မတီက လက်ခံယူစဉ်။ (မြို့နယ် ပြန်/ဆက်)

လားရှိုး ကိုယ်ပွားသတင်းစာတိုက် နှစ်ပတ်လည်အထိမ်းအမှတ် ဆွမ်းဆက်ကပ်

လားရှိုး ဇွန် ၂၂

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက် (လားရှိုး)၏ လေးနှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၂၀ ရက်က အဆိုပါ သတင်းစာတိုက်၌ ကျင်းပရာ နံနက်ပိုင်းတွင် နေတက်တောင်ဘုရားမှ သံဃာတော်များပင့်ဖိတ်၍ အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ညှော်ခံ

ထို့နောက် ညနေပိုင်းတွင် ဖိတ်ကြားထားသော ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများကိုမုန့်ဟင်းခါးဖြင့် ကျွေးမွေးဧည့်ခံပြီး ကိုယ်ပွားသတင်းစာတိုက်(လားရှိုး) တာဝန်ခံ အရာရှိ ဦးဇော်လွင်နှင့်ဇနီး ဒေါ်နီလာဝင်းတို့က ဝန်ထမ်းများအား အထိမ်းအမှတ်လက်ဆောင်ပစ္စည်းများ ဝေငှခြင်းနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်တိုင်း ရန်ကင်း မြို့နယ် ကံဘဲ့ဘူတာရုံလမ်း ပဋ္ဌာနိကာယသာသနာ့ဗိမာန် ကျောင်းတိုက်ရှိ လေမုန်တိုင်း ဒဏ်ကြောင့် ပျက်စီးသွားသော ခုဒ္ဒက နိကာယ်ကျောင်း ဆောင် ပြန်လည် ပြုပြင်ရန်အတွက် အမှတ် ၁၈၁ ဗိုလ်ချုပ်ဈေး အရှေ့ဘက်တန်း ရန်ကုန်မြို့နေ ဦးစိန်ထွန်း-ဒေါ်ခင်စန်းတင့် (အာချွန်းရွှေဆိုင်)က ငွေကျပ်နှစ်သိန်းလှူဒါန်းရာ အသင်းဒုတိယဉက္ကဋ္ဌ ဦးအေးနှင့် အမှုဆောင်အဖွဲ့က လက်ခံယူစဉ်။ (က-ပ)

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

✳ ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေး ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။

✳ လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သော သဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစား ပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး	ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း-၀၆၇ ၄၀၄၀၂၂ နှင့်
ဒုတိယရုံးအဖွဲ့မှူး	ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

လေဘေးဒဏ်ခံစားခဲ့ကြရသော ပြည်သူတို့အား ဆန်၊ ဆီ၊ ဆား အပါအဝင် မီးဖိုချောင်သုံး စားသောက်ဖွယ်ရာများ၊ ဟင်းသီးဟင်းရွက်များ၊ ရေသန့်၊ အဝတ်အထည်များနှင့် အိမ်သုံးပစ္စည်းများ စသော ကယ်ဆယ်ရေးပစ္စည်းများကို နိုင်ငံတော်အစိုးရနှင့်အတူ ပြည်နယ်၊ တိုင်းအသီးသီးမှ ပြည်သူများ၊ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၊ တပ်မတော်သားများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဘာသာရေးအသင်းအဖွဲ့အစည်းများအားလုံး လူနှင့် လူချင်းစာနာသော စေတနာ၊ မေတ္တာတရားတို့ဖြင့် အင်တိုက်အားတိုက် ရက်ရောစွာ ပါဝင်ကူညီ လှူဒါန်းလျက်ရှိကြသည်။

ကျော်စိုး(ကျိုက်မရော) ၏ ဆောင်းပါး စာ-၈ တွင် ဖတ်ရှုနိုင်ပါသည်။